ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 12 October 2021 ၁၀၅၂၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ ရှစ်လတာခရီး ဖြတ်သန်းခဲ့ပြီ

စာမျက်နှာ » ၈၊ ၉


ミャンマー報道官
スーチー氏と面会認めぬ
ASEAN特使 入国遅れ
国際社会失望 深まる孤立
レバノン 全土停電

## ရွေးကောက်ပွဲမှာ မဲမသမာမှု ရှိလား၊ မရှိဘူးလားဆိုတာကို ရွေးကောက်ပွဲ တစ်ရက်တည်းကြည့်ပြီး ဆုံးဖြတ်လို့မရ ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲအပြီးကာလ သုံးခုလုံးရဲ့ အခြေအနေတွေ၊ ဖြစ်ပျက်ခဲ့တာတွေကို သိစေလို

စာမျက်နှာ » ၁၀၊ ၁၁

## ကျောင်းသားမိဘများက မိမိတို့၏ ရင်သွေးငယ်များ ပညာသင်ကြားသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

စာမျက်နှာ » ၇

## ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉၇ ဦး တွေ့ရှိကြောင်း သတင်းထုတ်ပြန်

စာမျက်နှာ » ၁၆



## ရမည်းသင်းမြို့နယ်၌ ငရုတ်ကေ ၆၀ စိုက်ပျိုးပြီး ထွက်ရှိလာသည့် ငရုတ်များကို အခြောက်ခံစက်များအသုံးပြု၍ မှိုဆိပ်ပါဝင်မှု လျှော့ချသွားမည်

ရမည်းသင်း အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ Food Safety Project အစီအစဉ်ဖြင့် ငရုတ်စိုက်ကေ ၆၀ စိုက်ပျိုးထားရှိပြီး ထွက်ရှိလာသည့် ငရုတ်များကို အခြောက်ခံစက်များအသုံးပြု၍ မှိုဆိပ်ပါဝင်မှု လျှော့ချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ပြောသည်။

အဆိုပါစီမံချက်ဖြင့် ငရုတ်များစိုက်ပျိုးကာ စားသုံးသူဘေးကင်းလုံခြုံပြီး အန္တရာယ်ကင်းသည့် အစားအသောက်များ စားသုံးနိုင်ရန်အတွက် ငရုတ်စိုက်ပျိုးထွက်ရှိသည့် ဒေသများတွင် GAP စနစ်နှင့်အညီ စိုက်ပျိုးထားရှိကြောင်း၊ စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐

## အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝ မနစ်မွန်းစေရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေး



စာမျက်နှာ » ၆

## ဆီလွန်ကဲစွာစားသုံးမှုနှင့် ကျန်းမာရေးပြဿနာ



စာမျက်နှာ » ၁၇

ကြေးမုံ

# ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရေးကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၀ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားရာ၌ "မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးဆောင်ရွက်ရန်အတွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်လာအောင် ပြည်သူနှင့် ကောင်းမွန်သောဆက်ဆံရေးရှိရန်လိုကြောင်း၊ လုံခြုံရေးအား တိုက်ရိုက်တာဝန်ယူရသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပေါ့ပေါ့ဆဆဆောင်ရွက်ခြင်း မရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး သတိဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း" ပြောကြားခဲ့သည်။

ရန်ကုန်မြို့သည် နိုင်ငံအတွင်း လူဦးရေအများဆုံးမြို့ကြီးဖြစ်ပြီး မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်နှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အဓိကလှစ်ဟဖော်ပြနိုင်သော မြို့ကြီးဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့ကြီးအား စည်းကမ်းရှိသောမြို့ကြီးဖြစ်ရေး၊ မြို့ပြသာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံမှုရှိစေရေးတို့နှင့်ပတ်သက်၍ အရေးကြီးသည့် အထူးလိုအပ်ချက်များအား နိုင်ငံတော်ဝန်ကြီးချုပ်က အလေးအနက်ထား မှာကြားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ရန်ကုန်မြို့အတွင်း လှည့်လည်စစ်ဆေးမှာကြားချက်များနှင့်ပတ်သက်၍ အထက်ဖော်ပြပါ ပြည်သူလုံခြုံရေးနှင့်လုံခြုံရေးတပ်ဖွဲ့များနှင့်စပ်လျဉ်းသည့် မှာကြားချက်ကို အထူးအလေးထားလိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပေသည်။

လုံခြုံရေးသည် နိုင်ငံအတွက် အထူးအရေးကြီးသည့်ကိစ္စဖြစ်ပြီး ပြည်သူများအတွက်လည်း အထူးအရေးပါသည့်ကိစ္စဖြစ်ပေသည်။ ပြည်သူများ၏ အဓိကလိုအပ်ချက်မှာ လုံခြုံစိတ်ချရသောလူမှုဘဝတွင် စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးဖြစ်သဖြင့် ပြည်သူ့လုံခြုံရေးကို အထူးဦးစားပေးဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် အကြမ်းဖက်အဖျက်သမားများက ရန်ကုန်မြို့ကြီးအပါအဝင် မြို့ရွာများ၏လုံခြုံရေးကို ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိပြီး အကြမ်းဖက်အဖျက်သမားများ၏ လက်ချက်အမျိုးမျိုးကြောင့် ပြည်သူများမှာ မလုံခြုံသောဘဝများတွင် နေထိုင်ရသကဲ့သို့ စိုးရိမ်ပူပန်မှုများဖြင့် နေထိုင်ခဲ့ကြရသည်။ လက်ရှိတွင် မြို့ပြရပ်ရွာများလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး အတော်အတန်တည်ငြိမ်သည့် အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာပြီဆိုသော်လည်း လုံခြုံရေးသတိအမြဲရှိပြီး အားလုံးလုံခြုံစိတ်ချသောဘဝသို့ ရောက်ရှိအောင် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

မြို့ရွာများလုံခြုံရေး၊ ပြည်သူများလုံခြုံရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများ၏ပူးပေါင်းပါဝင်မှုမှာ အရေးပါသည့်အချက်၊ အောင်မြင်မှုရနိုင်သောအချက်ဖြစ်သည်ကို မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းဖြစ်စဉ်များတွင် မြင်တွေ့ရမည်ဖြစ်သည်။ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် အကြမ်းဖက်အဖျက်သမားများအား ဖယ်ရှားနိုင်ခဲ့သည့်အပြင် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက်အောင်ဆောင်ရွက်နိုင်သည့် သက်သေသာဓကများရှိခဲ့သည်။ ပြည်သူများဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်အောင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများနှင့် ချစ်ခင်ရင်းနှီးသောဆက်ဆံရေး၊ ကောင်းမွန်သောဆက်ဆံရေးရှိရန် လိုအပ်သည်။ ယင်းအချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်က အသိပေးထောက်ပြထားသဖြင့် သက်ဆိုင်သူများအနေဖြင့် သတိပြုလိုက်နာကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်။

မိမိတို့၏လုပ်ငန်းများ၊ ရည်မှန်းချက်များအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများအကြား ယုံကြည်မှုကို အထူးတည်ဆောက်ကြရန်လိုအပ်သည်။ ယုံကြည်မှုတည်ဆောက်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် "ဥစ္စာရှင်လိုဥစ္စာရှင်ခဲ"အနေဖြင့် ပြည်သူများအကျိုးကို ဦးစားပေးဆောင်ရွက်ခြင်း၊ အနစ်နာခံကာ သယ်ပိုးဆောင်ရွက်ပေးခြင်း၊ ပြည်သူများနှင့် ရင်းရင်းနှီးနှီးချစ်ချစ်ခင်ခင် ထိတွေ့ဆက်ဆံခြင်း စသည်တို့ကို အလေးထားသတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ကြရာ၌ အကြမ်းဖက်အဖျက်သမားများ၏ အန္တရာယ်မှာ အမြစ်မပြတ်သေးသဖြင့် လုံခြုံရေးသတိ အမြဲရှိကြရန်လိုအပ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြည်သူများအား ကောင်းမွန်စွာဆက်ဆံရန်လိုသော်လည်း အကြမ်းဖက်အဖျက်သမားများကို အထူးသတိထားနေရမည်ဖြစ်သည်။ အချို့ကိစ္စများတွင် ပေါ့ပေါ့ဆဆနေထိုင်မိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါ အန္တရာယ်ကျရောက်ခဲ့သည်ကို ဆင်ခြင်မိရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူ့လုံခြုံရေး ဆောင်ရွက်ရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် ပြည်သူနှင့် ကောင်းမွန်သောဆက်ဆံရေးရှိရန်လိုသည့် နိုင်ငံတော်ဝန်ကြီးချုပ် မှာကြားထားသော လမ်းညွှန်ချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်သူများနှင့် ထိတွေ့ဆက်ဆံရေးကိစ္စရပ်များတွင် လုံခြုံရေးကို အထူးဂရုစိုက်ပြီး စိတ်ကောင်းစေတနာထား၍စိတ်ရှည်စွာဖြင့်ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## တရားမ အထူးအယူခံမှု လေးမှု စီရင်ချက်ချမှတ် ရာဇဝတ် အထူးအယူခံမှု ခြောက်မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးခင်မောင်ကြီးနှင့် ဒေါ်ခင်မေရီတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၀၀/၂၀၁၉ (တနင်္သာရီ)၊ ၁၀၁ / ၂၀၁၉ (မန္တလေး)၊ ၁၀၂ / ၂၀၁၉ (မန္တလေး) နှင့် ၁၀၄ / ၂၀၁၉ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၅/၂၀၂၀ (မန္တလေး)၊ ၉/၂၀၂၀ (ကချင်)၊ ၁၀/၂၀၂၀ (မွန်)၊ ၁/၂၀၂၁ (ရန်ကုန်)၊ ၂/၂၀၂၁ (ရန်ကုန်)နှင့် ၃/၂၀၂၁ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ခြောက်မှုကို ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေးငွေကျပ် ၃၇၀၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီ ပိဿာ ၆၀၄၀၄၃၀၊ တန်ချိန် ၉၈၇၀ ရောင်းချခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် နှစ်ရာခိုင်နှုန်းထက် မပိုသည့်ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း ၀၉-၄၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဖုန်း ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၁ – ၁၀ –၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၉၀၀ | ၃၆ | ၃၁၆,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၂၅၀ | ၃,၄၂၇ | ၁၀,၉၈၉,၆၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၂၁,၀၀၀ | ၂၀,၅၀၀ | ၇,၈၈၁ | ၁၆၁,၅၆၂,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၆၀ | ၁၆၅,၅၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၅၉ | ၁၇၄,၀၅၀ |
| AMATA | ၅,၀၀၀ | ၅,၅၀၀ | ၃ | ၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၉၇၄.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၄.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၆.၇၀ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၈.၃၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၃.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၂၂၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၄၉.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၅၉.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၇၄၉.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၅.၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပ ဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက နှစ်သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧကတင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေသန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧက စပါးအထွက်နှုန်း တင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၈ /၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တရားမကျင့်ထုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၉ ၏ နောက်တွင် ပုဒ်မ ၈၉-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**“MEDIATION**

89 A. (1) The Court may make mediation to a dispute in the case which has civil nature pursuant to this section.

(2) The Court may refer the following cases to mediation:

(a) cases which are prescribed to be mediated by any law or by any notification issued by the Supreme Court of the Union; and

(b) cases which are voluntarily referred to mediation by disputant parties.

(3) The proceedings of mediation shall be confidential. Any communication, statement and admission made during mediation process shall not be admissible in any subsequent hearing of the same suit or any other proceedings.

(4) Where the parties to mediation reach an agreement, the parties shall apply the Court to verify the agreement. The Court shall pass an order or a decree, as it thinks fit, in accordance with the relevant provisions of the Code of Civil Procedure.

(5) The Supreme Court of the Union may issue notifications, orders, directives, procedures and manuals relating to mediation under this section as may be necessary.

Explanation – Mediation in this section is a dispute resolution process involving a mediator assigned by the Court who facilitates the parties to reach a mutually agreeable solution.”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၅၉ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်များပြောင်းလဲသတ်မှတ်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

( ခ ) ဤဥပဒေသည် ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်နေ့မှစတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော “ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန”ဆိုသည့်စကားရပ်ကို “ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန”ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ “အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန”ဆိုသည့် စကားရပ်ကို “အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော“ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန” ဆိုသည့်စကားရပ်ကို “ပြည်ထဲရေးဝန်ကြီးဌာန”ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# လူထုအခြေပြုဗဟိုဌာနများတွင် လူငယ်များကို ဗဟိုပြုသည့် အစီအစဉ်များ၊ လူငယ်ဖွံ့ဖြိုးရေးအား ဦးတည်သည့်လှုပ်ရှားမှုကို အဓိကထား ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းရှိ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)ရှိ ပြခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူစီမံခန့်ခွဲလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံနှင့်ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများလွှဲပြောင်းသည့် စာချုပ်(Deed of Assignment) ချုပ်ဆိုခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံပိုင်ရုပ်ရှင်ရုံ ငှားရမ်းလုပ်ကိုင်ကြသော လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကရုပ်ရှင်ရုံများအနက် ရုပ်ရှင်ရုံ ၁၈၁ ရုံကို ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်ပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ရုပ်ရှင်ရုံ ၅ ရုံ အသစ်ထပ်မံတည်ဆောက်ပေးခဲ့ခြင်း၊ သမ္မတရုပ်ရှင်ရုံကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်ကြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ခြင်းတို့ကြောင့် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၈၇ ရုံ ရှိခဲ့ပါကြောင်း၊ ၁၉၈၆ ခုနှစ်မှစ၍ မြန်မာဗီဒီယိုဇာတ်ကားများ ရိုက်ကူးပြသလာသည့်အတွက် ဗီဒီယိုရုံများ ပေါ်ထွန်းခဲ့ခြင်းကြောင့် လည်းကောင်း၊ နိုင်ငံတကာတွင် ရုပ်ရှင်ဖလင်များ ရှားပါးလာခြင်းကြောင့် လည်းကောင်း၊ ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်မှုကျဆင်းလာခဲ့ခြင်းကြောင့် လည်းကောင်း ရုပ်ရှင်ရုံလုပ်ငန်းများလည်း ကျဆင်းလာခဲ့ပါကြောင်း၊ ယင်းကာလအတွင်း ဈေးကွက်စီးပွားရေးအပေါ်အခြေခံ၍ ရုပ်ရှင်ပြသခြင်းလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် ၁၉၉၅ ခုနှစ်မှစတင်ပြီး ရုပ်ရှင်ရုံများကို နှစ်တို၊ နှစ်ရှည် ငှားရမ်းခြင်း၊ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အပြီးအပိုင် ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**လွှဲပြောင်းပေးခဲ့**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူစီမံခန့်ခွဲနေသည့် နိုင်ငံပိုင် ရုပ်ရှင်ရုံ ၂၇ ရုံ၊ ပုဂ္ဂလိကသို့ အပြီးအပိုင်ရောင်းချခဲ့သည့် ရုပ်ရှင်ရုံများအနက် ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်(Condition)ပါ ရုပ်ရှင်ရုံ ၉၄ ရုံ စုစုပေါင်း ရုပ်ရှင်ရုံ ၁၂၁ ရုံက ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်မှစတင်၍ တာဝန်ဝတ္တရားလွှဲပြောင်းပေးခဲ့ရာ ယနေ့အချိန်တွင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးသို့ လွှဲပြောင်းလက်ခံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရနှင့် ရုပ်ရှင်ရုံငှားရမ်း လုပ်ကိုင်သူများက ပေါင်းစပ်ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်အနုပညာများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် မကြာခဏ လမ်းညွှန်မှုပြုထားပါကြောင်း၊ ရုပ်ရှင်ရုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်ရှင်အနုပညာ ပြန်လည်နိုးထစေရေးအတွက် အားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်သည် ပြည်သူ့အတွက်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူများ စိတ်နှလုံးရွှင်မြူးအောင် ပျော်ရွှင်မှုပေးရာတွင် ရုပ်ရှင်ရုံများ၏အခန်းကဏ္ဍသည် အရေးကြီးသည်ဖြစ်ရာ ရုပ်ရှင်ရုံများ အဆင့်မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အနုပညာရှင်များအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အညီ ရိုက်ကူးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြပြီး ပြသမှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန်အတွက်လည်း ကိုဗစ်စည်းကမ်းချက်များနှင့်အညီ မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ဆွေးနွေးတိုင်ပင်နေကြပြီဖြစ်ပါကြောင်း၊ မကြာမီအချိန်အတွင်း အနုပညာရှင်များ အနုပညာအလုပ်များကို လုပ်ကိုင်ပြီး ရုပ်ရှင်ရုံများတွင် ပြည်သူများ အပန်းဖြေအနားယူနိုင်ကြတော့မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံများအပြင် အပြီးရောင်း Condition ပါ ရုပ်ရှင်ရုံများကိုလည်း ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ပြသနိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၁၃ ရုံနှင့်ပတ်သက်၍ တာဝန်နှင့်ဝတ္တရားများလွှဲပြောင်းသည့် စာချုပ်များကို လက်မှတ်ရေးထိုးကြရာ ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကွယ်က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်က လည်းကောင်း၊ နိုင်ငံပိုင်ရုပ်ရှင်ရုံငှားရမ်းသူ လုပ်ငန်းရှင်များကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးဆောင်ရွက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနက စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်ရုပ်ရှင်ရုံ ၂၇ ရုံအနက် ရုပ်ရှင်ရုံ ၂၆ ရုံကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းများကို ဆောင်ရွက်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ယခုကဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျောက်တံတားမြို့နယ်ရှိ ဝဇီရာ (၁)ရုပ်ရှင်ရုံကို နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ဆိုင်ရာ နိုင်ငံတော်အဆင့်အခမ်းအနားများ စီစဉ်ကျင်းပနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ဆက်လက်စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းရှိ လူထုအခြေပြုဗဟိုဌာန(ဗဟန်း)သို့ သွားရောက်၍ ကိုယ်ကာယလေ့ကျင့်ခန်း၊ ကလေးစာဖတ်ခန်း၊ ကွန်ပျူတာသင်တန်းခန်းမ၊ စာကြည့်တိုက်၊ ပြခန်းများအား ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် ဘက်စုံသုံးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ် ဦးစီးမှူးများအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ပေးခဲ့ပြီးဖြစ်သဖြင့် လုပ်ငန်းများ ယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများသည် မြို့နယ်တိုင်းတွင် ဖွင့်လှစ်ထားရှိသဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်သူများကြား သတင်းအပြန်အလှန်စီးဆင်းရေးကို အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့အချိန်တွင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး မီဒီယာများ၏ အသွင်သဏ္ဌာန်နှင့် မီဒီယာထုတ်လွှင့်မှုပုံစံများ ပြောင်းလဲတိုးတက်လျက်ရှိပါကြောင်း၊ ထိုနည်းတူပြည်သူများ၏သတင်းရယူမှုပုံစံများလည်း ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ အထူးသဖြင့် သမားရိုးကျမီဒီယာများဖြစ်သည့် ပုံနှိပ်မီဒီယာနှင့် ရုပ်သံလွှင့်မီဒီယာများပေါ်မှ သတင်းရယူမှု နည်းပါးသွားပြီး Social Media ပလက်ဖောင်းများပေါ်မှ သတင်းများရယူနေကြပါကြောင်း။

မသမာသူ အဖျက်သမားအချို့က Social Media ပလက်ဖောင်းများကို အသုံးပြု၍ သတင်းမှားများ၊ သတင်းတုများကို ထုတ်လွှင့်ကာ နိုင်ငံတော်အစိုးရအပေါ် အထင်အမြင် လွဲမှားအောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ သတင်းမှား ထုတ်လွှင့်ဖော်ပြမှုများကို တားဆီးတိုက်ဖျက်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လူထုအခြေပြုဗဟိုဌာနများတွင် လူငယ်များကို ဗဟိုပြုသည့် အစီအစဉ်များ၊ လူငယ်ဖွံ့ဖြိုးရေးကို ဦးတည်သည့်လှုပ်ရှားမှုကို အဓိကထားဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူငယ်များ အသိအမြင်အတွေးအခေါ် မှန်ကန်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ရေတာရှည် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကြံသန္တယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာ၌ အရင်းမပျောက် မတည်ငွေရင်းငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ အတိုးရရှိငွေကျပ် သိန်း ၆၀ ဖြင့် ကျေးရွာတွင်း၌ အရှည် ပေ ၁၂၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယနေ့ နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွှန့်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု၍ ကော်မတီဝင်များနှင့်တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၌ ပြည်သူ့အငှားအိမ်ရာစီမံကိန်း ပထမအဆင့်တွင် အဆောက်အအုံ ၁၉၄ လုံး၊ အခန်းပေါင်း ၃၁၀၄ ခန်း သတ်မှတ်ချိန်ပြီးစီးအောင် ဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ အမှတ် (၇) လမ်းမကြီး (မြို့ပတ်လမ်း) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုလမ်းအပိုင်းသည် ၂၄ ပေ အကျယ် ကွန်ကရစ်ခင်းပြီးပါက သွားလာရေး ပိုမိုလွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း၊ ပြည်သူ့အငှားအိမ်ရာစီမံကိန်းသည်လည်း ယခုအမှတ်(၇) လမ်းမကြီးနှင့် အမှတ်(၂)လမ်းမကြီးအကြားတွင် တည်ရှိသည့်အတွက် နောင်တစ်ချိန်တွင် ယာဉ်သွားလာမှု များပြားလာမည်ဖြစ်ကြောင်း၊ လမ်းနယ်ကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၇)လမ်းမကြီးနှင့် အမှတ်(၂)လမ်းမကြီး အကြားရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ တာဝန်ရှိသူက အိမ်ရာစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူက အိမ်ရာစီမံကိန်းတွင် လဂွန်းအိမ်ရေလှောင်ကန်မှ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်နှင့် ပတ်သက်၍ လည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်တို့မှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းအခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာသူများက ကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးနှင့် ရန်ကုန်မြို့ရှိ ဝင်ငွေနည်း ပြည်သူများ နေထိုင်ရေးအဆင်ပြေစေရန် ယခုလို အိမ်ရာစီမံကိန်းများကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်အချိန်မီ ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရာစီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယခုတည်ဆောက်နေသည့် ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ် (၇) လမ်းမကြီးနှင့် အမှတ် (၂) လမ်းမကြီး အကြားတွင်တည်ရှိပြီး ပထမအဆင့်အနေဖြင့် အိမ်ခန်းပေါင်း ၃၁၀၄ ခန်း၊ အဆောက်အအုံ ၁၉၄ လုံးကို သတ်မှတ်အချိန်မီပြီးစီးအောင် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမှတ် (၂) လမ်းမကြီး ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် အဆိုပါလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၇၅/၇) နှင့် (၇၆/၀) အကြားတွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၀)မှ အရှည်ပေ ၄၅၀ ကျန်ချောင်းတံတား (အသွားလမ်း) လေးလမ်းသွား တိုးချဲ့တည်ဆောက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လ စီမံကိန်းရည်မှန်းချက်များနှင့် ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပ်နှံတာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လ (အောက်တိုဘာလမှမတ်လ) စီမံကိန်းရည်မှန်းချက်များနှင့် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပ်နှံတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ဒေသဖွံ့ဖြိုးရေးတွင် အခြေခံကျသော လမ်း၊ တံတား၊ လျှပ်စစ်မီးရရှိရေး၊ ကျေးလက်ဒေသ သောက်သုံးရေ ဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ ဒေသန္တရကျန်းမာရေး စောင့်ရှောက်မှုများနှင့် ပညာသင်ကြားရေးပိုင်းဆိုင်ရာ အဆောက်အအုံများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆) လစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ (၆)လ စီမံကိန်းဖြစ်သော်လည်း လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ အချိန်မီပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူများ၏ အကျိုးကိုရှေးရှု၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့်မရှိစေရေးတို့ကို ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လည်းကောင်း၊ နေပြည်တော်စီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူးက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆)လ စီမံကိန်းရည်မှန်းချက်များ၊ ကဏ္ဍများအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့လည်းကောင်း၊ လယ်ယာကဏ္ဍကြီး စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများကိုယ်စား နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာနသို့လည်းကောင်း အပ်နှံတာဝန်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က စက်မှုကဏ္ဍကြီး စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများကိုယ်စား နေပြည်တော် စက်မှုကြီးကြပ်နှင့် စစ်ဆေးရေးဦးစီးဌာနသို့ လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် လမ်းဦးစီးဌာနသို့လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် ကျေးလက်လမ်းဦးစီးဌာနသို့ လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ဝန်ဆောင်မှုကဏ္ဍကြီး စီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာဌာနများကိုယ်စား နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနသို့ လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ထိန်းသိမ်းရေး) သို့လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နေပြည်တော်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသို့လည်းကောင်း၊ စီမံကိန်းရည်မှန်းချက်များကို ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့သို့လည်းကောင်း၊ စီမံကိန်းရည်မှန်းချက်များကို ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့သို့လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ရဲမှူးကြီးကိုကိုလွင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ လေးဖွဲ့သို့လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးကျော်သိန်းဆိုင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒက္ခိဏခရိုင်အတွင်းရှိ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ လေးဖွဲ့သို့လည်းကောင်း အပ်နှံတာဝန်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီခြောက်ခုမှ Vitamin K2 D3 Capsules ၅၀၀၁ ခု၊ U4 Tablet ၅၁၅၂ ခု၊ Vitamin C 500 MG ၁၀၁၁၆ ခု၊ Zamatib Tablet ၁၃၁၃၅ ခု၊ Vita DHA (Multivitamin & Omega 3) Tablet ၁၀၈၀၃ ခု၊ Azinam 500 Tablet ၉၈၉၂ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ နှာခေါင်းစည်း ၈၉၈၀၀၀၊ Regulator အခု ၁၀၀၀၊ ဆေးဝါးမျိုးစုံ ၂၅ မျိုး (၁၁၄၆၁၁ ဒသမ ၃၈ ကီလိုဂရမ်)၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ သုံးခုတို့မှ Chlorphenamine Maleate Injection ၈၈၇၅ ကီလိုဂရမ်၊ Syringe ၄၇၆၉၂ ခု၊ Infusion အခု ၂၀၀၀၊ Vitamin B6 Injection ၂၈၉၈ ကီလိုဂရမ်၊ Glucose Injection ၈၆၆၄၉ ကီလိုဂရမ်၊ နှာခေါင်းစည်း ၄၈၅၈၀ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၃၃၁ ကုဗမီတာတို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝ မနစ်မွန်းစေရေး အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေး

**မောင်မျိုးအောင် (ပန်းရော)**

ကလေးသူငယ်ဟူသည် အနာဂတ်နိုင်ငံတော်၏ အားပင်ဖြစ်၏။ တိုင်းပြည်တစ်ပြည် ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းတိုင်းပြည်၏ လူငယ်တို့အပေါ် တည်မှီ၏။ ထို့ကြောင့် ယနေ့ခေတ်လူငယ်များ၏ အခြေအနေကို လေ့လာ၍ နောင်အနာဂတ်နိုင်ငံတော်၏ အခြေအနေကိုသုံးသပ်နိုင်၏။ နိုင်ငံတကာတွင် လူငယ်များ၏ အသက်အရွယ်နှင့် ပတ်သက်၍ သဘောတူညီထားသော စံသတ်မှတ်ချက်ဟူ၍မရှိဘဲ နိုင်ငံအလိုက် သီးခြားစီ သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင်မူ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသောသူကိုဆိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထား၏။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ၏ သုံးပုံ တစ်ပုံခန့်သည် လူငယ်များပင်ဖြစ်၏။ ထို့ကြောင့်နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် လူငယ်များအပေါ် မှီခိုသည်ဆိုသည်မှာ သဘာဝကျလှ၏။

### လူငယ်တို့သည် ဖယောင်းရုပ်ကဲ့သို့ ပြုပြင်ပုံသွင်းရန် အကောင်းဆုံးဖြစ်

ကလေးသူငယ်များသည် ရိုးသားပြီး ပင်ကိုစိတ်မှာ ရှင်းရှင်းနှင့်ပွင့်လင်း၏။ မရိုးသားမှုအရိပ်အယောင်ဟူ၍ မြူမှုန်မျှ မယှက်သန်း၊ သူတစ်ပါးအပေါ် မကောင်းကြံစိတ်၊ ပြူစူစိတ်၊ အကုသိုလ်စိတ်များ လုံးဝကင်း၍ နှလုံးသားဖြူစင်လှ၏။ ယေဘုယျအားဖြင့် လူငယ်တိုင်းသည် ပင်ကိုစရိုက်မှာ နုပျိုလန်းဆန်းခြင်း၊ သွက်လက်ထက်မြက်ခြင်း၊ အရာရာကို စူးစမ်းလိုခြင်း၊ အပေါင်းအဖော်ကို မင်ခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ ရဲရင့်သတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်း စသည့်ကောင်းမြတ်သော အရည်အသွေးများရှိ၏။ ထို့ကြောင့် လူငယ်တို့သည် ဖယောင်းရုပ်ကဲ့သို့ ပြုပြင်ပုံသွင်းရန် အကောင်းဆုံးဖြစ်၏။ လမ်းကြောင်းမှန်ပေါ်ရောက်အောင် နည်းမှန်လမ်းမှန် တည့်မတ်ပေးခြင်းဖြင့် လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားခြင်း၊ ယုံကြည်မှုမှန်ကန်ခိုင်မြဲခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ အကြားအမြင်



ဗဟုသုတပြည့်စုံခြင်း၊ စွန့်လွှတ်စွန့်စားအနစ်နာခံခြင်း၊ အမြော်အမြင်ရှိခြင်း၊ မကောင်းမှုပြုရန် ရှက်ကြောက်ခြင်းစသော အရည်အသွေးကောင်းများ ပေါ်ထွက်လာနိုင်ပေသည်။ ထိုအချက်များ ပြည့်စုံစေရေးအတွက် မိဘ၊ ဆရာနှင့် ၎င်းတို့၏အုပ်ထိန်းသူ၊ ၎င်းတို့၏ ပတ်ဝန်းကျင်က သင်ကြားပြသ၊ ပြုစုပျိုးထောင်ထောက်ပံ့ပေးရန် တာဝန်ရှိလှ၏။

### အသိပညာကို အသုံးချတတ်ရန်လိုအပ်

လူငယ်များအနေဖြင့် ပြဿနာတစ်ရပ်ကို နည်းမှန်လမ်းမှန်ဖြေရှင်းနိုင်ရန်အတွက် ကြောင်းကျိုးတွက်ဆပြီး အသိပညာကို အသုံးချတတ်ရန် လိုအပ်ပေသည်။ အသိပညာရရှိရန်အတွက် အတန်းပညာဖြင့် စာပေတတ်မြောက်သင်ယူခြင်း၊ ၎င်းမှတစ်ဆင့် စာပေဖတ်ရှုခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့ကို ပြုရသည်။ မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးသူငယ်များအား အခြေခံပညာဦးစီးဌာန၏စာရင်းများအရ ၁၉၉၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ကျောင်းနေသည့်ဦးရေသည် ၁၆ သန်းကျော်ရှိပြီး ၁၉၉၇ ခုနှစ်တွင် စတင်တက်ရောက်သည့်ကလေးများမှ ၂၂ ရာခိုင်နှုန်း၊ ၁၉၉၈ ခုနှစ်တွင် စတင်တက်ရောက်သည့် ကလေးများမှ ၂၅ ဒသမ ၅ ရာခိုင်နှုန်း၊ ၁၉၉၉ ခုနှစ်တွင် စတင်တက်ရောက်သည့် ကလေးများမှ ၂၆ ဒသမ ၅၃ ရာခိုင်နှုန်းတို့သာ နဝမတန်းသို့ ရောက်ရှိခဲ့ပြီး ထိုသို့ တက်ရောက်ခဲ့သည့်အထဲတွင် ၂၀၀၉ ခုနှစ်တွင် စတင်တက်ရောက်သည့် ကလေးများမှ ၄၂ ရာခိုင်နှုန်းဖြင့် နဝမတန်းသို့ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။ သို့သော်လည်း ၄၀ ရာခိုင်နှုန်းကျော်သာ အခြေခံပညာ အထက်တန်းအဆင့်သို့ ရောက်ရှိခဲ့သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့်သည် အခြေခံပညာအလယ်တန်းအဆင့်ဖြင့် ပြီးဆုံးသွားသည့်သဘောပင်ဖြစ်သည်ကို တွေ့ရှိရသည်။ တက္ကသိုလ်ဝင်တန်း ဖြေဆိုခြင်းတွင် ၁၉၉၇ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဒသမတန်းဖြေဆိုသည့် ကျောင်းသားများအနက် ၃၃ ဒသမ ၄၆ ရာခိုင်နှုန်းသာ အောင်မြင်ခဲ့ကြသည်ကို တွေ့ရပေသည်။ ၁၉၉၇ ခုနှစ်က ကလေးအရွယ်များသည် ယခုအချိန်တွင် လူငယ်လူရွယ်များဖြစ်နေမည်ဖြစ်သဖြင့် ၎င်းတို့၏ ပညာရေးအခြေအနေသည် မူလတန်းပညာနှင့် ထက်ဝက်ခန့်ရှိပြီး အလယ်တန်းပညာပြီးမြောက်သူ ၂၀ ရာခိုင်နှုန်းခန့်နှင့် အထက်တန်းပညာပြီးမြောက်သူ ၃၀ ရာခိုင်နှုန်းကျော်သာ ရှိသည်ကို တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်း ကြေညာသည့်အချိန်တွင် အသက်ငါးနှစ်နှင့် အထက် ၈ ဒသမ ၁ ရာခိုင်နှုန်း (လေးသန်းနီးပါး) ခန့် စာလုံးဝမတတ်သည်ကို တွေ့ရှိရသည့်အတွက် ပညာရေးနှင့်ပတ်သက်၍ လုံးဝမကောင်းသည့် အချက်တစ်ချက်ပင်ဖြစ်ပြီး နိုင်ငံတော်အတွက် စိုးရိမ်ဖွယ်ရာဖြစ်ပေသည်။

### အနာဂတ် အစိုးရနှင့် လူငယ်မျိုးဆက်သစ်များ

အစိုးရတစ်ရပ်ဆိုသည်မှာ ၎င်းတာဝန်ယူထားသော သက်တမ်းကိုသာ တာဝန်ခံရသည်မဟုတ်၊ အနာဂတ်အစိုးရနှင့် လူငယ်မျိုးဆက်သစ်များအတွက်ပါ တာဝန်ရှိ၏။ ထိုသို့ လူငယ်များ၏ ပညာတတ်မြောက်မှု အားနည်းလာသည်နှင့်အမျှ အတွေးအခေါ်ပိုင်းများ ချို့တဲ့လာကာ တိုင်းပြည်အတွင်း အမှုအခင်းများခြင်း၊ ဆင်းရဲမှုများပြားလာခြင်းတို့သည် တွဲဆက်ပါလာရသည်။ ထိုသို့ချို့တဲ့မှုအပေါ် နိုင်ငံရေးသမားတို့၏ ဟောပြောမှုကြောင့် ၎င်းတို့စိတ်များသည် ယိမ်းယိုင်သွားကြခြင်းများ ပေါ်ပေါက်လာခဲ့၏။ စင်စစ် လူငယ်တို့၏ နုနယ်သော နှလုံးသားများအား နိုင်ငံရေးသမားများက အရောင်ဆိုးကြ၏။ နိုင်ငံရေးသမားတို့၏ ဆိုးသောအရောင်ကိုလိုက်၍ ပြောင်းလဲမည့်ရေနှင့်သဏ္ဌာန်တူ၏။ ထို့ကြောင့် လူငယ်တို့၏ သန့်ရှင်းမှုရှိသည့် နှလုံးသားအား မညစ်နွမ်းစေသင့်ပေ။ လူငယ်တို့၏ အသိစိတ်သို့ မှန်ကန်သောအတွေးအခေါ်များကိုသာ သွတ်သွင်းပေးရန် အရေးကြီးလှပေသည်။

ယနေ့မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မျှော်လင့်မထားသော နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြီး သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသဘောထား ကွဲလွဲမှုများကတစ်ဆင့် NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က တိုင်းဖျက်ပြည်ဖျက်နှင့် ပြည်သူလူထုတို့၏ နေ့စဉ်လူနေမှုဘဝ ပျက်စီးအောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေလျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် နိုင်ငံရေးသမားများသည် ဆန္ဒပြကြရာ၌ ဥမမည်၊ စာမမြောက်သည့် ကလေးသူငယ်များ (မူလတန်းအရွယ်) အား ခေါ်လာခဲ့ကြပြီး ကလေးငယ်များ အား ၎င်းတို့ခိုင်းသမျှ လိုက်လုပ်စေခဲ့သည်။ ဘာမျှမသိနားမလည်သည့် ကလေးသူငယ်များအား နိုင်ငံရေးဇာတ်ခုံပေါ်သို့ အတင်းတွန်းပို့နေကြ၏။ ထိုမှတစ်ဆင့် အလယ်တန်းပညာသင် အသက်အရွယ်ငယ်သေးသည့်ကလေးများကို အကြမ်းဖက်မှုလုပ်ငန်းများ စသည့် ရာဇဝတ်မှုကြီးလေးသော လုပ်ငန်းများတွင်လည်း ကျူးလွန်လာစေရေး သွေးထိုးလှုံ့ဆော်စေခိုင်းပြုလုပ်လာကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်း ထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် အသက် ၁၄ နှစ်အရွယ် သတ္တမတန်းကျောင်းသူ မကြယ်စင်နှင်းဝေ၏ VIDEO ဖိုင်ကို ကြည့်လိုက်ရခြင်းဖြင့် နိုင်ငံရေး ကိုယ့်လိုဘပြည့်စေရေး အတ္တစိတ်တစ်ခုအတွက် ကလေးသူငယ်များ လမ်းမှားရောက်အောင် တွန်းပို့မှုကို ရင်နင့်ဖွယ်ရာတွေ့ရှိလိုက်ရသည်။

### အနာဂတ်ကလေးသူငယ်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အနာဂတ်လူငယ်လေးများ၏ ပညာသင်ကြားရေး၊ ပညာတတ်မြောက်မှုအခွင့်အလမ်းများ ရရှိစေရေးအတွက် အခက်အခဲများကြားမှ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၏ လုံခြုံရေးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပြီး အခြေခံပညာကျောင်းများ ဖွင့်လှစ်ပညာသင်ကြားနိုင်ပြီး စီမံဆောင်ရွက်ပေးခဲ့၏။ ၎င်းအပေါ် NLD ပါတီလက်ဝေခံ CRPH၊ NUG၊ PDF၊ GZ စသည့် အကြမ်းဖက်အဖွဲ့များမှ မိမိတို့၏ ကိုယ်ကျိုးရှာနိုင်ငံရေးအတွက် အောက်လမ်းနည်းဖြင့် ခြိမ်းခြောက်မှုများပြုလုပ်ကာ အနာဂတ်လူငယ်များ၏ ပညာသင်ကြားရေးကို အနှောင့်အယှက်ပြုလျက်ရှိသည်ကို တွေ့ရှိရပေသည်။ ထို့အပြင် လူငယ်လူရွယ်များကို သွေးထိုးလှုံ့ဆော်ကာ အကြမ်းဖက်လုပ်ငန်းများ လုပ်ကိုင်စေရန်အတွက် လူမှုကွန်ရက်များမှတစ်ဆင့် စည်းရုံးလှုံ့ဆော်နေကြောင်းကိုလည်း မြင်တွေ့ရ၏။ ထိုသို့ ကလေးသူငယ်များကို လက်နက်ကိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေခြင်း၊ ဖောက်ခွဲဖျက်ဆီးစေခြင်း၊ ၎င်းတို့နှင့်အမြင်မတူသူများကို ပစ်မှတ်ထားကာ တိုက်ခိုက်စေခြင်းတို့သည် အနာဂတ်ကလေးသူငယ်များကို အကြမ်းဖက်သမားများအဖြစ်သို့ရောက်ရှိစေရေး တွန်းပို့နေခြင်းပင်ဖြစ်၏။ **စာမျက်နှာ ၇ သို့** ☆

> ✲ **အစိုးရတစ်ရပ်ဆိုသည်မှာ ၎င်းတာဝန်ယူထားသောသက်တမ်းကိုသာ တာဝန်ခံရသည်မဟုတ်၊ အနာဂတ်အစိုးရနှင့် လူငယ်မျိုးဆက်သစ်များအတွက်ပါ တာဝန်ရှိ၏။**
>
> ✲ **စင်စစ် လူငယ်တို့၏ နုနယ်သောနှလုံးသားများအား နိုင်ငံရေးသမားများက အရောင်ဆိုးကြ၏။ နိုင်ငံရေးသမားတို့၏ ဆိုးသောအရောင်ကိုလိုက်၍ ပြောင်းလဲမည့် ရေနှင့်သဏ္ဌာန်တူ၏။ ထို့ကြောင့် လူငယ်တို့၏ သန့်ရှင်းမှုရှိသည့် နှလုံးသားအား မညစ်နွမ်းစေသင့်ပေ။ လူငယ်တို့၏အသိစိတ်သို့ မှန်ကန်သောအတွေးအခေါ်များကိုသာ သွတ်သွင်းပေးရန် အရေးကြီး**

# ကျောင်းသားမိဘများက မိမိတို့၏ ရင်သွေးငယ်များ ပညာသင်ကြားသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေရန် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာရသည့်ကဏ္ဍများတွင် ပညာရေးကဏ္ဍလည်း ပါဝင်သည်။ ကျောင်းများကို လပေါင်းများစွာ ပိတ်ထားရခြင်းကြောင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များမှာ ပညာရေးနှင့် ဝေးနေကြရသည်။ မကြာမီ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြင်ဆင်ဆောင်ရွက်နေပြီး နိုင်ငံတစ်ဝန်းရှိ အသက် ၁၂ နှစ်အထက် အခြေခံပညာကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးကို ရှေးဦးစွာဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းအားဖြင့် ပညာသင်ယူမှုအခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်အထက် အခြေခံပညာကျောင်းသား ကျောင်းသူ ၂၂၆၀၄ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အောက်တိုဘာ ၁၆ ရက်တွင် ထိုးနှံပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ အဆိုပါကာကွယ်ဆေးထိုးနှံပေးရေးနှင့် အခြေခံပညာကျောင်းများဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို မိတ္ထီလာမြို့နယ်ပညာရေးမှူး ဦးဝင်းဗိုလ်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-

**မေး။ မြို့နယ်အတွင်းက အသက် ၁၂ နှစ်အထက် အခြေခံပညာ ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေတဲ့အခြေအနေလေးပြောပေးပါခင်ဗျာ။**

**ဖြေ။** အသက် ၁၂ နှစ်အထက် အခြေခံပညာ ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ မြို့နယ်အဆင့် လုပ်ငန်းဆောင်ရွက်မှုကော်မတီ၊ ဆေးထိုးအုပ်စု အဆင့် လုပ်ငန်းဆောင်ရွက်မှုကော်မတီ၊ ကျောင်း အဆင့် လုပ်ငန်းဆောင်ရွက်မှုကော်မတီဆိုပြီး ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အောက်တိုဘာ ၁၆ ရက်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ စီစဉ်ထားပါတယ်။

**မေး။ မြို့နယ်အတွင်းမှာအခြေခံပညာကျောင်းပေါင်း ဘယ်လောက်ရှိပါသလဲ ဆရာ။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနဲ့ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်း အရေအတွက်နဲ့ တစ်ဆက်တည်း မြို့နယ်အတွင်း အသက် ၁၂ နှစ်အထက် အခြေခံကျောင်းသား ကျောင်းသူ စုစုပေါင်း ဘယ်နှဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပေးမှာလဲဆိုတာပါ ဖြေပေးပါဦးခင်ဗျာ။**

**ဖြေ ။** မြို့နယ်အတွင်းမှာ အခြေခံပညာကျောင်း ၂၆၇ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁၉ ကျောင်းနဲ့ ကိုယ်ပိုင်ကျောင်း ၁၉ ကျောင်း



မြို့နယ်ပညာရေးမှူး ဦးဝင်းဗိုလ်

ရှိပါတယ်။ အသက် ၁၂ နှစ်အထက် အခြေခံပညာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၆၀၄ ဦးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ အခုလို ကျောင်းသား ကျောင်းသူတွေကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်း တွေကိုလည်း ပြောပေးပါဦးဆရာ။**

**ဖြေ။** မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျန်းမာရေးဌာန၊ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်း၊ အမျိုးသမီးရေးရာ၊ ကြက်ခြေနီနဲ့ မီးသတ်တပ်ဖွဲ့တို့ဖြစ်ပါတယ်။

**မေး။ ဆေးထိုးစုရပ် ဘယ်နှခုခွဲပြီးထိုးပေးမှာပါလဲ ခင်ဗျာ။ ဆေးထိုးစုရပ်တွေနဲ့ ဆေးထိုးပေးမယ့် နေ့ရက်တွေကို သက်ဆိုင်တဲ့ ကျောင်းသား ကျောင်းသူများ သိရှိလာရောက်ထိုးနှံနိုင်ဖို့အတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားပါသလဲခင်ဗျာ။**

**ဖြေ။** ဆေးထိုးစုရပ် ၁၂ နေရာခွဲပြီး ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပေးမယ့် နေ့ရက်တွေနဲ့ နေရာများကို သက်ဆိုင်တဲ့ ကျောင်းသား ကျောင်းသူတွေ သိရှိနိုင်ဖို့အတွက် သက်ဆိုင်ရာ ကျောင်းအုပ်တွေကတစ်ဆင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေနဲ့ ချိတ်ဆက်အသိပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ မြို့နယ်အတွင်းအခြေခံပညာကျောင်းတွေက ဆရာ ဆရာမတွေရော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးပြီလား ခင်ဗျာ။**

**ဖြေ။** ဆရာ ဆရာမအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စီထိုးနှံပြီးစီးပါပြီ။

**မေး။ အခြေခံပညာကျောင်းတွေ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားတဲ့ အခြေအနေလေးကို ပြောပေးပါဦးခင်ဗျာ။**

**ဖြေ။** မကြာခင်ကျောင်းတွေပြန်လည်ဖွင့်လှစ်နိုင်ရေး အတွက် ကျောင်းနဲ့ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ စာသင်ခန်းတွေအတွင်း သန့်ရှင်းရေး ပြုလုပ်ပြီး စာသင်ခုံတွေကိုလည်း တစ်ခုံနဲ့ တစ်ခုံ လေးပေစီခြားပြီး စီစဉ်ထားရှိခြင်း၊ ကျန်းမာရေးဝန်ကြီး ဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ် ရေးလမ်းညွှန်ချက်များအတိုင်း ပြင်ဆင်ဆောင်ရွက်ခြင်း တို့ကို သက်ဆိုင်ရာကျောင်းအုပ်များထံ ညွှန်ကြား စီစဉ်ထားပြီးဖြစ်ပါတယ်။

**မေး။ ဆရာ့အနေနဲ့ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောပေးပါဦးခင်ဗျာ။**

**ဖြေ။** မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ တွေကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ရင် ပိုကောင်းမယ်လို့ အကြံပြုချင်ပါတယ်။ အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူတွေ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး ပေးတဲ့အတွက် ပညာသင်ကြားသင်ယူခွင့် ပိုမိုရရှိနိုင်တော့မှာဖြစ်လို့ သူတို့လေးတွေအတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။

အသက် ၁၂ နှစ်အထက် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ မကြာမီထိုးနှံပေးတော့မည်ဖြစ်သည်။ ကျောင်းသားမိဘများက မိမိတို့၏ ရင်သွေးငယ်များ ပညာသင်ကြားသင်ယူနိုင်ခွင့် အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် ထိုးနှံခွင့်ရရှိသည့် ကျောင်းသား ကျောင်းသူတိုင်းအား ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးနှံပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ကြပါစေကြောင်း မေးမြန်းတင်ပြ လိုက်ပါသည်။

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ**
**ချမ်းသာ(မိတ္ထီလာ)**

---

**❒ ရွှေဖုံးမှ**

ထိုစိုက်ခင်းများမှ စိုက်ပျိုးပြီးထွက်ရှိလာမည့် ငရုတ်သီး အမှည့်အစိုများကို Solar Dryer စက်တစ်လုံးနှင့် Mobile Gas Dryer စက်နှစ်လုံးတို့ကို အသုံးပြုပြီး အချိန်တိုအတွင်း အခြောက်ခံသည့်စနစ်ဖြင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် အရည်အသွေးကောင်း ငရုတ်များရရှိသည့်အပြင် မှိုဆိပ်ပါဝင်မှုတို့ကိုလည်း လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**နှစ်စဉ်စိုက်ပျိုး**

"ရမည်းသင်းမြို့နယ်က ရာသီဥတုအရ ငရုတ်သီးနှံစိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသဖြစ်တယ်။ တောင်သူတွေအနေနဲ့ကလည်း နှစ်စဉ်စိုက်ပျိုးကြပါတယ်။ ငရုတ်ကတော့ စတင်ပေါ်ထွက်နေပါပြီ။ ငရုတ်စိုက်ရာသီမှာ မိုးနည်းနည်းနောက်ကျခဲ့တော့ ထွက်ရှိချိန်လည်း နောက်ကျနေတာပါ။ ခုအောက်တိုဘာလကုန်ရင်တော့ ငရုတ်က လှိုင်လှိုင်ပေါ်လာတော့မှာပါ။ ထွက်ရှိလာတဲ့ ငရုတ်သီးတွေကိုတော့ အခြောက်ခံစက်များနဲ့ ဆောင်ရွက်သွားမှာပါ။ မှိုဆိပ်ပါဝင်မှုကိုလည်း လျှော့ချမှာပါ။ တောင်သူတွေအနေနဲ့ ငရုတ်လှိုင်လှိုင်ပေါ်လို့ လှန်းတယ်ဆိုရင် မိုးရွာပါက ရုပ်လိုက်သိမ်းလိုက်လုပ်ရင် အရည်အသွေးကျဆင်းပါတယ်။ မှိုဆိပ်တွေလည်း ဝင်နိုင်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ စိုက်ခင်းများမှထွက်ရှိလာသည့်ငရုတ်များကို အခြောက်ခံစက်များဖြင့် လုပ်ဆောင်သည့်အတွက် အချိန်တိုအတွင်း ငရုတ်များခြောက်သွေ့ကာ မှိုဆိပ်များလည်းမဝင်နိုင်ကြောင်း၊ ထို့ပြင် အရည်အသွေးကောင်းကာ ဘေးအန္တရာယ်ကင်းရှင်းသည့် ငရုတ်သီးများရရှိမည်ဖြစ်ပြီး လုပ်အားခများလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယင်းအခြောက်ခံစက်များနှင့် ဆောင်ရွက်သည့်အခါ၌ ကြားကာလများတွင် ပြုပြင်စရာမလိုဘဲ ဖြန့်ပြီးထည့်လိုက်သည့်အတွက် ငရုတ်သီးများ ခြောက်ပါက ဝင်ရောက်ပြီးအဆင်သင့် ရုပ်သိမ်း၍ရကြောင်း၊ အားသာချက်အနေဖြင့် အညှာကျွေခြင်း၊ အရည်အသွေးပိုင်းများ ပျက်စီးခြင်း မရှိဘဲ ငရုတ်သီးများအရောင်လှကာ ဈေးကောင်းရရှိကြကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

☆ စာမျက်နှာ ၆ မှ

၎င်းတို့သည် ကလေးသူငယ်များ၏ အခွင့်အရေးများကို ရိုက်ချိုးနေခြင်းသာဖြစ်ပြီး အနာဂတ်သာယာလှပရေးကိုပါ ဖျက်ဆီးနေခြင်းဖြစ်ပေသည်။ ထိုသို့ကလေးသူငယ်များ၏ အခွင့်အရေးများကို တားဆီးပိတ်ပင်ဟန့်တားနေပြီး ကလေးသူငယ်များ၏ အနာဂတ်သာယာလှပရေးကို ဖျက်ဆီးနေသူများအား မူလကျူးလွန်သည့်ပြစ်မှုများအပြင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအရပါ တရားစွဲဆို၍ ထိထိရောက်ရောက် ဟန့်တားစေသည့် ပြစ်ဒဏ်များ ချမှတ်သင့်၏။ ကလေးသူငယ်များ၏ အတွေ့အကြုံနည်းပါးခြင်းနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်မှုနည်းပါးခြင်းတို့ကို အခွင့်ကောင်းယူပြီး နိုင်ငံရေးအမြတ်ထုတ်လိုသူများကိုလည်း ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သင့်ပေသည်။

**တိုင်းပြည်၏အနာဂတ်အတွက် ကြီးမားသောအန္တရာယ်**

ဆရာအောင်သင်း၏ "ဘဝဆိုတာ အချိန်တွေနှင့်ဖွဲ့စည်းထားတာ၊ အချိန်ကို တန်ဖိုးရှိအောင်အသုံးချမှ တန်ဖိုးရှိတဲ့ဘဝ ဖြစ်လာနိုင်တယ်''ဆိုသည့် စာစကားအရ ယနေ့လူငယ်များ၏ တန်ဖိုးရှိသော အချိန်၊ တန်ဖိုးရှိသောဘဝကို နိုင်ငံရေးသမားတို့က ဖျက်ဆီးခဲ့ကြ၏။ တိုင်းပြည်၏အနာဂတ်အတွက် ကြီးမားသော အန္တရာယ်ပင်ဖြစ်၏။ လမ်းမှန်ရောက်အောင် မိဘ၊ ဆရာသမား၊ မိတ်ကောင်း၊ ဆွေကောင်းတို့ ကူညီလမ်းညွှန်သွန်သင်မှုနှင့်ပင် ရှေ့ဆက်သွားရပေမည်။ အသက်အရွယ်ငယ်ရွယ်ပြီး ယိမ်းယိုင်တတ်သည့် လူငယ်များ လမ်းကြောင်းမှန်ရောက်ရန် ထိန်းကျောင်းပေးရပေမည်။ ရုပ်ဝတ္ထုမြူဆွယ်မှုနှင့် မှားယွင်းသောအတွေးအခေါ်တို့ကြောင့် လူငယ်များ၏ မူလရှိပြီးသော ဖြူစင်ရိုးဖြောင့်သည့် ဗီဇများသည် မပျောက်ပျက်စေသင့်ပေ။ မှန်ကန်သော အတွေးအခေါ်ရင့်သန်စေပြီး အကျိုးရှိအောင် အသုံးချတတ်ရန် လိုအပ်မည်ဖြစ်၏။ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိနေသည်။

"စာသင်ခန်းအစ လူငယ်တို့၏ဘဝ" ဟူသောစကားအတိုင်း ကျောင်းသား လူငယ် ပထမအရွယ်ကပင်စ၍ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး ကောင်းမွန်ရေးဖြစ်သည့် ကိုယ်ကျင့်တရား ကောင်းမွန်ရေးကို ပတ်ဝန်းကျင်က လေ့ကျင့်ပေး၍ ကိုယ်တိုင်ကျင့်ကြံနေရပေမည်။ ကိုယ်ကျင့်တရားများ ကောင်းမွန်လာမှသာ ဟုတ်သော အကြံ၊ မှန်သောအကျင့်၊ သင့် သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ လက်ဝယ်ခိုင်ခိုင် ကိုင်ဆောင်နိုင်ပြီး မည်သို့သော အသုံးချခံမှုမျိုးမှ ကင်းဝေးမည်ဖြစ်၏။

အချုပ်အားဖြင့်ဆိုရသော် လိမ်လည်လှည့်စားသူ၊ လှည့်ဖြားသူတို့က မိမိလိုချင်ရာအတွက် ရနိုင်သမျှနည်းလမ်းဖြင့် အတ္တကိုယ်ကျိုးအတွက် လုပ်ကြမည်သာဖြစ်၏။ ယနေ့မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုလုပ်ငန်းများတွင် လူငယ်များ ပါဝင်ပတ်သက်မှုမရှိစေရေး နေ့စဉ် လူမှုဘဝများတွင် လောဘနှင့် ဆန္ဒကို သတိ၊ ပညာတို့ဖြင့် ချွန်းအုပ်ကာ နိုင်ငံရေးသမားများ၏ အသုံးချမှု အန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါ၏။ သို့မှသာတိုင်းပြည်၏ အနာဂတ်သည်လည်း အလှပန်းဝေစုံစွာဖြင့် သာယာတင့်တယ်နေပေလိမ့်မည်ဖြစ်တော့၏။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ ရှစ်လတာခရီးဖြတ်သန်းခဲ့ပြီ

**ကနောင်**

မိုးအကုန်ဆောင်းအကူး စက်တင်ဘာလသည် မြန်မာနိုင်ငံအတွက် ကမ္ဘာ့ကပ်ရောဂါတတိယလှိုင်းကို အောင်အောင်မြင်မြင် ကျော်ဖြတ်နိုင်ခဲ့သည့်လ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံတို့နှင့် ပိုမိုနီးကပ်စွာဆက်ဆံဖြစ်သည့် ကာလတစ်ခုလည်း ဖြစ်ပါသည်။

ဦးစားပေးသတ်မှတ်ထားသည့်အုပ်စုများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အားကောင်းသည့်လ၊ ကပ်ရောဂါအရှိန်ကျဆင်းလာသည်နှင့်အမျှ တိုင်းပြည်၏ တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့ကို ပိုမိုအားပေး၍ စားနပ်ရိက္ခာဖူလုံစေရေး၊ ပြည်သူများ လုံခြုံငြိမ်းချမ်းရေးအတွက် အချိန်ပေးရသည့်ကာလတစ်ခုလည်း ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအတွက် စက်တင်ဘာလအတွင်း ဆောင်ရွက်ချက်များဟုဆိုလိုက်လျှင် ရေးသား၍ကုန်နိုင်မည်မဟုတ်ပါ။

ပြည်တွင်းမတည်မငြိမ်ဖြစ်အောင်၊ တိုင်းပြည်ဆူပူ၍ ပြည်သူများ အေးချမ်းလုံခြုံမှုမရှိအောင် အကြမ်းဖက်မည်သည့်အဖွဲ့အစည်းကမဆို သွေးထိုးနှောင့်ယှက်ပါစေ၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူပူးပေါင်းမှုဖြင့် တစ်စတစ်စတည်ငြိမ်အေးချမ်းမှုအားကောင်းလာနေသည်က အထင်အရှားပင်ဖြစ်ပါသည်။ စက်တင်ဘာတစ်လတာအတွင်း နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်ဆောင်ရွက်ချက်များအတွင်းမှ အချို့ကို ကောက်နုတ်တင်ပြရမည်ဆိုလျှင် ...



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၉-၂၀၂၁ ရက်နေ့က မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)တွင် ကြည့်ရှုစစ်ဆေးစဉ်။

**ဦးဆောင်ဦးရွက်ပြုသူများ၏လှုပ်ရှားမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၆ ရက်က ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် မိမိတို့နိုင်ငံသည် စက်တင်ဘာလဆန်းပိုင်းတွင် ပျမ်းမျှပိုးတွေ့နှုန်း ၁၀ ဒသမ ၃၇ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကူးစက်မှုနှုန်း များပြားနေပြီး စည်းကမ်းလိုက်နာမှုရှိစေရန်၊ အသိပညာပေးရေးအပါအဝင် ရောဂါပိုးစစ်ဆေးမှုနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းစဉ်များအကြောင်းကို ဖြည့်စွက်ရှင်းလင်း အကြံပြုပြောကြားခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကို တိုင်းရင်းဆေးဖြင့် စနစ်တကျ သုတေသနပြုလုပ်ကာ ကုသဆေး၊ ကာကွယ်ဆေးများ ထုတ်လုပ်နိုင်မည့်အခြေအနေနှင့် ပြည်သူများအားလုံး လွှမ်းခြုံနိုင်မည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အစီအမံများကို ထည့်သွင်းပြောကြားခဲ့ပါသည်။

**စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ခြင်းဖြင့်**

စက်တင်ဘာ ၇ ရက်က နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၁) သို့ တက်ရောက်အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်ခု၏ အဓိကမောင်းနှင်အားမှာ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အား ဖြစ်ကြောင်း၊ ထို့အတူ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာစဉ်ဆက်မပြတ်သင်ကြားနိုင်ရေးသည်လည်း အရေးကြီးကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည့်အပြင် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိစေမည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို မြှင့်တင်ခြင်းဖြင့် ပြည်ပပို့ကုန်များ၊ ပြည်တွင်းစားသောက်ရိက္ခာဖူလုံစေရေးအတွက် လမ်းညွှန်မှာကြားခဲ့ကာ ဆီထွက်သီးနှံများ၊ ဝါနှင့် အခြားစိုက်ပျိုးသီးနှံများ အထွက်နှုန်းမြင့်မားရေးကို အကြံပြုဆွေးနွေးခဲ့သည်။ ဟိုတယ်နှင့်ခရီးသွား၊ အိမ်ရာတည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိမ်းလန်းစိုပြည်ရေးကဏ္ဍတို့ကို အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့အတူ ကာကွယ်ဆေးများ ရောက်ရှိမှု အခြေအနေများနှင့် မည်သူတစ်ဦးတစ်ယောက်မျှ ကာကွယ်ဆေးထိုးနှံမှုမကျန်ရှိစေရေးတို့အတွက်လည်း ညှိနှိုင်းအဖြေရှာပေးခဲ့ခြင်းကြောင့် လက်တွေ့မျက်မြင် ကာကွယ်ဆေးထိုးနှံခြင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

စက်တင်ဘာ ၉ ရက်က ကျင်းပသည့် သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit) ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အနာဂတ်တွင် GMS ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အတွက် လမ်းပြမြေပုံဖြစ်လာမည့် ယနေ့ထိပ်သီးအစည်းအဝေး၌ အတည်ပြုထုတ်ပြန်မည့် GMS စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ ကို ကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်၌ လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ကာကွယ်ဆေး လွှမ်းခြုံနိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**အနာဂတ်တွင် GMS ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အတွက် လမ်းပြမြေပုံဖြစ်လာမည့် ယနေ့ထိပ်သီးအစည်းအဝေး၌ အတည်ပြုထုတ်ပြန်မည့် GMS စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ ကို ကြိုဆိုကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်ကုန်၌ လူဦးရေ၏ ၅၀ ရာခိုင်နှုန်း ကာကွယ်ဆေးလွှမ်းခြုံနိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့**

**အစီအမံများချမှတ်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၁၀ ရက်က နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)နှင့် ဘူတာကြီးတို့ကို ကြည့်ရှုစစ်ဆေး၍ မီးရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံကိုအကျိုးပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ပြီး ပိုမိုတိုးတက်အောင်မြင်စေရေး အစီအမံများချမှတ်ပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၁၄ ရက်တွင် ပြင်ဦးလွင်တပ်နယ်မှ သင်္ချေအရာရှိ၊ နည်းပြအရာရှိ၊ ကထိကအရာရှိနှင့် ပါရဂူဆေးမှူး၊ ဆရာ၊ ဆရာမများ၊ စစ်သည်မိသားစုများအား နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံတော်အတွက် တပ်မတော်၏ အရေးပါမှု၊ စစ်သည် တစ်ဦးချင်း ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ခြင်းနှင့် စည်းကမ်းနှင့်အမိန့်နာခံမှုကောင်းမွန်ခြင်း၊ ကိုယ်စီတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းတို့ဖြင့် မိမိတို့တတ်စွမ်းသရွေ့ နိုင်ငံ့အကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်မှုရှိစေရေး လမ်းညွှန်မှာကြားသည်။

**ဆင်လမ်းရေလှောင်တမံ**

စက်တင်ဘာ ၁၆ ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဆင်လမ်းရေလှောင်တမံ၌ သီးနှံစိုက်ပျိုးရေးအတွက် ရေသိုလှောင်မှုနှင့် ရေလှောင်တမံကြံ့ခိုင်မှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ သဘာဝစိမ့်စမ်းရေထွက်နှင့် ကန်တော်ကြီးပတ်လမ်းရှိရေဝင်ရောက်ရာ လမ်းကြောင်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်မိရပ်ဖများနှင့် ပြင်ဦးလွင်မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပညာရေးမြို့တော်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့်

စာမျက်နှာ ၉ သို့ ☆

☆ စာမျက်နှာ ၈ မှ
စီးပွားရေးအရှိန်အဟုန်ရပ်တန့်ခဲ့ရကြောင်း၊ ရောဂါကူးစက်မှုလျော့ကျလာစေရန် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်းပြောကြား၍ ကိုဗစ်ကြောင့် ထိခိုက်ခံစားကြရသည့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်ဦးမော့လာစေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမြှင့်တင်ခြင်း အပါအဝင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများအောင်မြင်စေရေးတို့ကို ထည့်သွင်းပြောကြားခဲ့သည်။ ရေခံမြေခံကောင်းသည့် ပြင်ဦးလွင်မြို့သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုလုပ်ငန်း စသည်တို့ကို အဆင့်မြင့်မားစွာ တိုးတက်ဆောင်ရွက်လာစေရန် နိုင်ငံတော်ဝန်ကြီးချုပ်က တိုက်တွန်းမှာကြားခဲ့သည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့အတွင်းရှိ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍတို့ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

### ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌

နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၁၈ ရက်က ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် မြစ်ကြီးနားမြို့၌ ပထမဆုံးအကြိမ်အဖြစ်တွေ့ဆုံ၍ တာဝန်ယူဆောင်ရွက်နေရသည့် လက်ရှိနိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးအဘက်ဘက်မှ လစ်ဟင်းမှုများမရှိစေရန် လုပ်ဆောင်နေကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဆောက်တည်နိုင်ရေးကို ရည်မှန်းချက်ထားလုပ်ဆောင်နေပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးကို အထူးဦးစားပေးဆောင်ရွက်နေကြောင်း အလေးအနက်ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒေသတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှုမြှင့်တင်ရေး၊ သယံဇာတကို အခြေခံသည့်လုပ်ငန်းများထက် ရေရှည်တည်တံ့သည့်လုပ်ငန်းများ၊ ပြည့်ဖြိုးမြဲသယံဇာတများကို ပိုမိုအားဖြည့်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးဖြင့် အဆင့်အတန်းပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး၊ အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များထွက်ပေါ်စေရေးအတွက် အခြေခံပညာမှသည် အဆင့်မြင့်ပညာအထိ တက်လှမ်းနိုင်စေရေး၊ စီးပွားရေးနှင့် ဥပဒေကဲ့သို့သော ပညာရပ်များကို သင်ကြားပေးနိုင်ရေး၊ မြို့ပြတည်ဆောက်ရေးအတွက် လိုအပ်ချက်များဖြည့်ဆည်းရေး၊ ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်ရေးအစီအမံများနှင့် ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားကဏ္ဍ မြှင့်တင်ပေးရေးစသည်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က ထည့်သွင်းအကြံပြု ပြောကြားခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၇-၉-၂၀၂၁ ရက်နေ့က ပြင်ဦးလွင်မြို့ရှိ Creation Myanmar Coffee Farm ၌ ခင်းကျင်းပြသထားသည့် ကော်ဖီထုတ်ကုန်များ၊ မျိုးစေ့များကို လေ့လာကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုများနှင့်တွေ့ဆုံ၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်ကို ချမှတ်၍ ကြိုးပမ်းဆောင်ရွက်ခြင်း၊ လက်ရှိလုပ်ဆောင်မှုများသည် နိုင်ငံ့အရေး လုပ်ဆောင်ခြင်းပင်ဖြစ်၍ စစ်မှန်ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ် ခိုင်မာစွာ ရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများစေရေးကို ဦးစားပေး ဆောင်ရွက်နေခြင်းတို့ကို ပြောကြားခဲ့သည့်အပြင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို တာဝန်ကျေပွန်အောင်ထမ်းဆောင်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့ တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း မှာကြားခဲ့သည်။ ထို့နောက် မြစ်ကြီးနားမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား အားပေးနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

### လားရှိုးတပ်နယ်

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လားရှိုးတပ်နယ်ရှိအရာရှိ၊ စစ်သည်မိသားစုများနှင့် စက်တင်ဘာ ၁၉ ရက်က တွေ့ဆုံ၍ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကို ရှင်းလင်းပြောကြားပြီး စစ်သည်မိသားစုများကို စားသောက်ဖွယ်ရာများ ပေးအပ်ခြင်း၊ တပ်နယ်ဆေးရုံများတွင် ဆေးကုသမှုခံယူနေသည့် တပ်မတော်သားများကို ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် လားရှိုးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲရုံး၌ တွေ့ဆုံ၍ ဒေသတွင်းထုတ်ကုန်များ မြင့်မားရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ စိုက်ပျိုးမွေးမြူရေးစသည့် ဒေသအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးတိုက်တွန်းပြောကြားခဲ့သည်။

### ခြောက်လဘဏ္ဍာရေးနှစ်အတွင်း

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)ကို စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ခြောက်လဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာအသုံးစရိတ်များကို ဆက်လက်လျာထားသုံးစွဲရန်ခွင့်ပြုထားကြောင်းနှင့် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ လျာထားသုံးစွဲနိုင်ရန် စီစဉ်ထားကြောင်း၊ ခွဲဝေခွင့်ပြုထားသည့် အသုံးစရိတ်များကို စိစစ်သုံးစွဲနိုင်စေရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ဖော်ဆောင်ရန် တာဝန်ရှိသူများက မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန် ကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။ ထို့အတူ အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး (၁/၂၀၂၁) ကို ယင်းနေ့နံနက်ပိုင်းက ကျင်းပခဲ့ပြီး အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စီမံကိန်းအကောင်အထည်ဖော်ရာတွင် ငွေကြေးသုံးစွဲမှုများကို နိုင်ငံတော်၏ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်သုံးရန်နှင့် သွင်းအားစုများကို အလေအလွင့်နည်းပါးစွာဖြင့် ထိရောက်စွာသုံးစွဲ၍ စီမံကိန်းဆောင်ရွက်မှုများကို စောင့်ကြည့်သုံးသပ်ကြရန် အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား တိုက်တွန်းခဲ့သည်။

စက်တင်ဘာ ၂၄ ရက်က ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၅/၂၀၂၁) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်နေပြီး အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဩဂုတ်လ၌ နိုင်ငံအတွင်း ကူးစက်မှု ၄၀ ရာခိုင်နှုန်းကျော် ရောက်ရှိခဲ့သော်လည်း စနစ်တကျဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ယခု စက်တင်ဘာလတွင် ၈ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ စိုက်မွေးစီးပွားလုပ်ငန်းများမြှင့်တင်ရေး၊ စက်သုံးဆီချွေတာရေး၊ အခွန်ငွေရရှိစေရေးစသည့် နိုင်ငံလိုအပ်ချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များက ဆွေးနွေးညှိနှိုင်းအဖြေရှာခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်တင်ဘာ ၂၇ ရက်က ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၁/၂၀၂၁)သို့ တက်ရောက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်မှာ ရှစ်လတာ ပြည့်မြောက်မည်ဖြစ်ကြောင်း၊ ထိုကာလအတွင်း ဖြစ်ပေါ်ပြောင်းလဲမှုများ၊ အကျပ်အတည်းများသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမဲမသမာမှု၏ ရလဒ်များပင်ဖြစ်ကြောင်း၊ လက်ရှိတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီးပွားရေးကဏ္ဍတွင် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခြင်းကို အမြန်ဆုံးပြန်လည်ကုစားနိုင်ရေးအတွက် ကြိုးပမ်းမှုများနှင့် သွင်းကုန်များလျှော့နည်း၍ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ရန်အတွက် အလေးထားတိုက်တွန်းခဲ့သည်။

### နိုင်ငံတော်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာ ၂၈ ရက်တွင်ကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အကြံပြုချက်များပါဝင်သည့် အမှာစကားပေးပို့ခဲ့သည်။ အဆိုပါအခမ်းအနားကို နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်၍ ကပ်ရောဂါကို ထိန်းချုပ်လာနိုင်သည်နှင့်တစ်ပြိုင်နက် ခရီးသွားလုပ်ငန်းများ စတင်လည်ပတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေး (၅/၂၀၂၁)ကို စက်တင်ဘာ ၂၈ ရက်က ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာ၌ လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်ရာတွင် ပကတိအခြေအနေနှင့် ကိုက်ညီရန်၊ အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်ကိုက်ညီရန်၊ လွယ်ကူရှင်းလင်းသည့် စီမံခန့်ခွဲမှုစနစ်နှင့် အုပ်ချုပ်မှုစနစ်ဖြစ်ရန် မှာကြားခဲ့သည့်အပြင် အကြမ်းဖက်လုပ်ငန်းများ၌ EAO များ ပါဝင်ပတ်သက်မှုရှိသော်လည်း EAO အများစုမှာ လက်ခံမှုမရှိကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး တရားဥပဒေစိုးမိုးမှုနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးအဖြေရှာခဲ့သည်ကို မြင်တွေ့ရသည်။

*(ဆက်လက်ဖော်ပြပါမည်)*

- **ခြောက်လဘဏ္ဍာရေးနှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာအသုံးစရိတ်များကို ဆက်လက်လျာထားသုံးစွဲရန်ခွင့်ပြုထားကြောင်းနှင့် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၁၀၀ လျာထားသုံးစွဲနိုင်ရန် စီစဉ်ထားကြောင်း၊**
- **ခွဲဝေခွင့်ပြုထားသည့် အသုံးစရိတ်များကို စိစစ်သုံးစွဲနိုင်စေရေးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ဖော်ဆောင်ရန် တာဝန်ရှိသူများက မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန် ကြိုးပမ်းပေးကြရန် တိုက်တွန်းပြောကြားခဲ့**

# ရွေးကောက်ပွဲမှာ မဲမသမာမှု ရှိလား၊ မရှိဘူးလားဆိုတာကို ရွေးကောက်ပွဲ တစ်ရက်တည်းကြည့်ပြီး ဆုံးဖြတ်လို့မရ ရွေးကောက်ပွဲ မတိုင်မီ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲအပြီးကာလ သုံးခုလုံးရဲ့ အခြေအနေတွေ၊ ဖြစ်ပျက်ခဲ့တာတွေကို သိစေလို

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား ဂျပန်သတင်းမီဒီယာဖြစ်သည့် Mainichi Shimbun သတင်းစာက အောက်တိုဘာ ၅ ရက်တွင် ဆက်သွယ်မေးမြန်းခဲ့ပြီး မေးမြန်းဖြေကြားမှုများကို ယင်းသတင်းစာတွင် အောက်တိုဘာ ၁၀ ရက်က ဖော်ပြခဲ့ပါသည်။ အဆိုပါ ဆက်သွယ်မေးမြန်းဖြေကြားထားမှုများနှင့်ပတ်သက်၍ ဖော်ပြလိုက်ပါသည် –**

**မေး။** နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC)ကနေပြောကြားခဲ့တဲ့ ၂၀၂၀ ရွေးကောက်ပွဲရဲ့ မသမာမှုနဲ့ ပတ်သက်ပြီး သေချာအောင် ရှင်းရှင်းလင်းလင်းသိပါရစေ။ ပြီးတော့ အဲဒါနဲ့ ပတ်သက်တဲ့ သက်သေတွေကို ပြောပြပေးပါ။ ဂျပန်အပါအဝင် နိုင်ငံတကာလေ့လာ သုံးသပ်သူတွေကတော့ ဒီရွေးကောက်ပွဲက မျှတစွာ ကျင်းပခဲ့တယ်လို့ ပြောပါတယ်။ အဲဒါကို ဘယ်လိုမျိုးများ ပြန်လည်ငြင်းချက်ထုတ်ချင်ပါသလဲ။

**ဖြေ။** ရွေးကောက်ပွဲမှာ မဲမသမာမှု ရှိလား၊ မရှိဘူးလားဆိုတာကို ရွေးကောက်ပွဲ တစ်ရက်တည်းကြည့်ပြီး ဆုံးဖြတ်လို့မရဘူးဆိုတာကို ဦးစွာ အသိပေးလိုပါတယ်။ ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲအပြီးကာလ သုံးခုလုံးရဲ့ အခြေအနေတွေ၊ ဖြစ်ပျက်ခဲ့တာတွေကို သိစေလိုပါတယ်။ ဒါတွေပြောရမှာဖြစ်လို့ ရှင်းပြတာ နည်းနည်းတော့ ရှည်ပါတယ်။

**ပါတီစုံဒီမိုကရေစီစနစ်**

၂၀၁၀ ပြည့်နှစ်နောက်ပိုင်းမှာ မြန်မာနိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်ကို သွားခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားနိုင်ဖို့ အခြေခံဥပဒေကို တပ်မတော်အစိုးရက ဦးဆောင်ပြီး လူထုလူတန်းစားကိုယ်စားလှယ် ၇၀၀ ကျော်နဲ့ ဆွေးနွေးရေးဆွဲခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD ပါတီက ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ပါတယ်။ ရွေးကောက်ပွဲမှာ USDP က နိုင်တယ်။ USDP အစိုးရလက်ထက်မှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဘယ်လောက်အောင်မြင်ခဲ့တယ်ဆိုတာ နိုင်ငံတကာက သိပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ NLD ပါတီက တောင်းဆိုခဲ့တာ၊ အခြားနိုင်ငံရေးပါတီတွေက တောင်းဆိုခဲ့တာတွေကို ထည့်သွင်းစဉ်းစားပြီး NLD ပါတီ ရွေးကောက်ပွဲဝင်နိုင်ရေး ရွေးကောက်ပွဲဥပဒေကို ကျွန်တော်တို့ပြင်ဆင်ပေးခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ NLD ပါတီ အများစုနိုင်ခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်ထဲရောက်လာပါတယ်။ လွှတ်တော်ကော်မတီတစ်ခုမှာ ဥက္ကဋ္ဌအဖြစ် နေရာပေးခဲ့တယ်။ ဒါ သမိုင်းကြောင်းပဲ။ ဦးသိန်းစိန်အစိုးရနဲ့ တပ်မတော်က NLD ပါတီကို နေရာမပေးဘူးဆိုရင် ဒီလိုလုပ်ငန်းတွေ ဘယ်လိုလုပ်လုပ်မှာလဲ။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲလုပ်တယ်။ NLD နိုင်တယ်။ ပြည်တွင်း၊ ပြည်ပနိုင်ငံရေးအဖွဲ့တွေက NLD ပါတီကို အာဏာလွှဲမပေးမှာ စိတ်ပူကြတယ်။ အာဏာလွှဲပြောင်းရေး အစီအစဉ် ဘယ်လောက်အထိ ချောမွေ့ခဲ့သလဲဆိုတာ မျက်မြင်ပါပဲ။ ၂၀၁၅ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ တပ်မတော်အနေနဲ့ NLD အစိုးရရဲ့ အုပ်ချုပ်မှုမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ထောက်ပြပြောဆိုမှုတွေ ပြုလုပ်ခဲ့တာကလွဲလို့ အစိုးရရဲ့လုပ်ဆောင်မှုတွေမှာ ပါဝင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ တပ်မတော်နဲ့ပတ်သက်ပြီး NLD ပါတီ အစွန်းရောက်တွေရဲ့ ဝေဖန်မှုတွေ၊ နိုင်ငံတော်လုံခြုံရေးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို ဖျက်လိုက်တာတွေ၊ လွှတ်တော်မှာ ဘယ်လိုလုပ်ခဲ့သလဲဆိုတဲ့ မှတ်တမ်းတွေ ပြန်ကြည့်ရင် သိနိုင်ပါတယ်။

**ကန့်ကွက်ချက်တွေ လုပ်ခဲ့**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ NLD ပါတီအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်ချက်တွေ လုပ်ခဲ့ပါတယ်။ လုပ်ခဲ့တာမှာ ရွေးကောက်ပွဲမစခင်ကတည်းက လုပ်ခဲ့တာပါ။ ဥပမာ ရွေးကောက်ပွဲ မဲလက်မှတ်တွေမှာ မဲပေးတဲ့အမှတ်အသား မထင်အောင် ဖယောင်းသုတ်ထားတယ်ဆိုတာမျိုးက စလို့ပေါ့။ ဒါက ဥပမာအနေနဲ့ ပြောပြတာပါ။ ဒါကြောင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမှာ ရွေးကောက်ပွဲ မဲလက်မှတ်တွေ ရိုက်နှိပ်တာကစပြီး UEC က နိုင်ငံရေးပါတီအားလုံးကိုဖိတ်ခေါ်ပြီး ရွေးကောက်ပွဲ လုပ်ငန်းစဉ်အားလုံးကို ခေါ်ပြခဲ့တယ်။ အစစ်ခံခဲ့တယ်။ ရွေးကောက်ပွဲကာလ၊ အပြီးကာလတွေမှာလည်း နိုင်ငံရေးပါတီ၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေရဲ့ ကန့်ကွက်မှုတွေကိုလည်း လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဖြေရှင်းပေးခဲ့ပါတယ်။ မဖြေရှင်းနိုင်တာ ဘာမှမရှိခဲ့ပါဘူး။

အခု ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာတော့ နိုင်ငံရေးပါတီတွေက မဲလက်မှတ်တွေ ဘယ်မှာရိုက်တယ်၊ ဘယ်လောက်ရိုက်တယ်၊ စစ်ဖို့တောင်းခဲ့တယ်။ ရွေးကောက်ပွဲ လုပ်ငန်းစဉ်ကြည့်ဖို့ တောင်းခဲ့ပါတယ်။ ခွင့်မပြုခဲ့ပါဘူး။ ရွေးကောက်ပွဲမတိုင်မီကတည်းက NLD ပါတီကလွဲလို့ အခြားနိုင်ငံရေးပါတီတွေရဲ့ မဲဆွယ်စည်းရုံးမှုတွေကို ကိုဗစ်-၁၉ ကပ်ရောဂါအကြောင်းပြပြီး ကန့်သတ်မှုတွေ အမျိုးမျိုးလုပ်ခဲ့ပါတယ်။ NLD ပါတီအနေနဲ့ကတော့ လူစု၊ လူဝေးနဲ့ လှည့်လည်စည်းရုံးခွင့်တွေကို လွတ်လွတ်လပ်လပ် ပြုလုပ်ခဲ့ပါတယ်။ အစိုးရပိုင် မြန်မာ့အသံနဲ့ရုပ်မြင်သံကြားမှာ အခြားပါတီတွေရဲ့ မဲဆွယ်စည်းရုံးမှုတွေကို ဆင်ဆာဖြတ်ခဲ့ပါတယ်။ ဒါ့ကြောင့် အချို့နိုင်ငံရေးပါတီတွေက မဲဆွယ်စည်းရုံးစကားတောင်မပြောဘဲ သပိတ်မှောက်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံမှာရှိတဲ့ မြို့ပေါင်း ၉၀ မှာ ရွေးကောက်ပွဲအတွက် NLD ပါတီရဲ့ လုပ်ရပ်တွေကို ဆန္ဒပြမှုပေါင်း ၂၀၀ လောက်ရှိခဲ့ပါတယ်။ မီဒီယာပိုင်းမှာလည်း တစ်ဖက်သတ် နှိပ်ကွပ်ထားလို့ ဒါတွေကို မီဒီယာတွေနဲ့ နိုင်ငံတကာက မသိခဲ့ပါဘူး။

**၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာတော့ နိုင်ငံရေးပါတီတွေက မဲလက်မှတ်တွေ ဘယ်မှာရိုက်တယ်၊ ဘယ်လောက်ရိုက်တယ်၊ စစ်ဖို့တောင်းခဲ့တယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကြည့်ဖို့ တောင်းခဲ့ပါတယ်။ ခွင့်မပြုခဲ့ပါဘူး။ ရွေးကောက်ပွဲမတိုင်မီကတည်းက NLD ပါတီကလွဲလို့ အခြားနိုင်ငံရေးပါတီတွေရဲ့ မဲဆွယ်စည်းရုံးမှုတွေကို ကိုဗစ်-၁၉ ကပ်ရောဂါအကြောင်းပြပြီး ကန့်သတ်မှုတွေ အမျိုးမျိုးလုပ်ခဲ့ပါတယ်။ NLD ပါတီအနေနဲ့ကတော့ လူစု၊ လူဝေးနဲ့ လှည့်လည်စည်းရုံးခွင့်တွေကို လွတ်လွတ်လပ်လပ် ပြုလုပ်ခဲ့**

ရွေးကောက်ပွဲ မတိုင်မီကာလမှာ ဖြစ်ပေါ်နေတဲ့ ဥပဒေနဲ့မညီညွတ်မှု၊ တရားမျှတခြင်းကင်းမဲ့မှု၊ ချို့ယွင်းအားနည်းချက်တွေကို တပ်မတော်အနေနဲ့ ရွေးကောက်ပွဲမတိုင်မီ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှာ **"၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အကြိုကာလ၌ ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်"** ကို တရားဝင်ထုတ်ပြန် သတိပေး၊ အသိပေးခဲ့ပါတယ်။

**ပုဒ်မ ၃၉၉ အရ**

အဲဒီအထဲမှာ ဥပဒေနဲ့မညီညွတ်တာတွေအနေနဲ့ လက်ရှိကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၉၉ အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ **"ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီဆိုင်ရာ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသော်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များ စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီသော်လည်းကောင်း ထုတ်ပြန်ခြင်း"** လို့ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်နဲ့ညွှန်ကြားချက်တွေ ထုတ်ပြန်ရာမှာ တည်ဆဲဥပဒေများအပေါ်အခြေခံပြီး လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

အဲဒီ ရွေးကောက်ပွဲအကြိုကာလအတွင်းမှာ နိုင်ငံရေးပါတီတွေရဲ့ တရားဝင်ထုတ်ပြန်ချက်၊ သတင်းစာရှင်းလင်းပွဲ၊ မီဒီယာများသို့ ပြောကြားချက်၊ သတင်းဖော်ပြချက်တွေမှာ ကြိုတင်ဆန္ဒမဲကောက်ယူခြင်းမှာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့မညီတဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်တာတွေ၊ ချိုးဖောက်တာတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီအတွက် သက်သေအမြောက်အမြား ရှိပါတယ်။ NLD ပါတီဝင်တွေ၊ စည်းရုံးရေးမှူးတွေကိုယ်တိုင် ကြိုတင်ဆန္ဒမဲကောက်တာတွေ၊ လမ်းလယ်ကောင်မှာ မဲပေးတာတွေ တစ်ပုံကြီးပါ။ **"နိုင်ငံသားကတ်၊ မှတ်ပုံတင်မရှိဘဲ မဲပေးခွင့်ပြုခဲ့တာ"** တစ်ပုံကြီးပါ။

ရွေးကောက်ပွဲအတွက် အထောက်အကူပြုအဖွဲ့ဆိုပြီး သူတို့ဖွဲ့ခဲ့ပါတယ်။ အဲဒီအဖွဲ့ထဲမှာ NLD ပါတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်တွေက ပေးထားတဲ့ NLD ပါတီဝင်တွေကို ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုမျိုး လုပ်ခဲ့တဲ့၊ သူတို့ တရားဝင်ထုတ်ခဲ့တဲ့ ညွှန်ကြားချက်စာရွက်စာတမ်းတွေကိုလည်း ကျွန်တော်တို့က သံတမန်တွေရဲ့ရှေ့မှာ၊ သတင်းစာရှင်းလင်းပွဲမှာ သတင်းထောက်တွေရဲ့ ရှေ့မှာ ကျွန်တော်တို့အနေနဲ့ မူရင်းအတိုင်းပြသပြီး ဖြစ်ပါတယ်။

**တန်းတူညီမျှ မဲဆွယ်ခွင့်မရ**

တရားမျှတမှု ကင်းတယ်ဆိုတာကတော့ ကျွန်တော် ခုနက ပြောခဲ့ပြီးပါပြီ။ တန်းတူညီမျှ မဲဆွယ်ခွင့်မရတာဘဲ ဖြစ်ပါတယ်။

ချို့ယွင်းအားနည်းချက် ဆိုတာကတော့ အထွေထွေပါပဲ။ မဲစာရင်းကို သုံးကြိမ်ခန့် ထုတ်ပြန်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်နောက်ဆုံးထုတ်ပြန်တဲ့ မဲဆန္ဒရှင်စာရင်းကို ဝင်ပြိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေတောင် မရခဲ့ပါဘူး။ လက်တွေ့မှာ ရွေးကောက်ပွဲပြင်ဆင်ဖို့အတွက် လေးနှစ်ကျော် ငါးနှစ်နီးပါး အချိန်ရခဲ့တာတောင် ကြိုတင်ဆန္ဒမဲလက်မှတ် ထည့်တဲ့ စာအိတ်တွေပေါက်နေတာကအစ ကြုံရပါတယ်။ ခင်ဗျားတို့ ဂျပန်မှာ ကြိုတင်မဲပေးတဲ့ မြန်မာတွေ ကိုယ်တိုင်ကြုံခဲ့လို့ စာအိတ်ကြီးကို ကိုင်ပြီး LIVE တောင် လွှင့်ပြခဲ့ပါသေးတယ်။

**တပ်မတော်ကို တင်ပြလာ**

ရွေးကောက်ပွဲပြီးတဲ့ အချိန်မှာတော့ နိုင်ငံရေးပါတီတွေ၊ ရွေးကောက်ပွဲဝင်ခဲ့တဲ့ လွှတ်တော်အမတ်လောင်းတွေက သူတို့ရွေးကောက်ပွဲဝင်ခဲ့တဲ့ မြို့တွေရဲ့ မဲမသမာမှုတွေကို စာရင်းဇယား၊ သက်သေ အထောက်အထားတွေနဲ့ တပ်မတော်ကို တင်ပြလာပါတယ်။ အဲဒီကတည်းကတိုင် မြို့နယ်တစ်ခုတည်းမှာပဲ မဲစာရင်းထပ်နေတာတွေ၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲပေးတာတွေ၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းနဲ့ ၃ ကြိမ်အထိ မဲစာရင်းထဲ ပါနေတာတွေ တွေ့ရပါတယ်။ ဒါကြောင့် နိုဝင်ဘာလ ၃၀ ရက်နေ့မှာ တပ်မတော်က မဲစာရင်း အမှန်များ ကူးယူခွင့်တောင်းခံခဲ့ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❂


スーチー氏と面会認めぬ
ミャンマー報道官
国際社会失望 深まる孤立
ASEAN特使 入国遅れ

❂ စာမျက်နှာ ၁၀ မှ

တပ်မတော်သားတွေလည်း ပြည်သူနဲ့အတူ မဲပေးခဲ့ပါတယ်။ သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်များ၊ လွှတ်တော် အမတ်လောင်းများက မဲစာရင်းတောင်းရင် မိတ္တူကူးခ ၂၅ ကျပ်သွင်းပြီး မည်သူမဆို ကူးယူခွင့်ရှိရမှာဖြစ်ပါတယ်။ ဒါကို ဥပဒေနဲ့ မညီဘူးဆိုပြီး ဒီဇင်ဘာလ ၇ ရက်နေ့မှာ UEC က တုံ့ပြန်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဥပဒေအကြောင်းခြင်းရာအရ ပြန်လည်ဖြေရှင်းမှုကို ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ ပြုလုပ်ခဲ့ပါတယ်။ မသိကျိုးနွံပြုခဲ့ပါတယ်။ သူတို့မှန်ရင် ဒီမဲစာရင်း ပေးရမှာပေါ့။ ရိုးရိုးလေး စဉ်းစားကြည့်ရင် တွေ့နိုင်ပါတယ်။ ဒီကြားထဲမှာ တပ်မတော်အနေနဲ့ လွှတ်တော်အမတ်လောင်းအချို့ဆီက နောက်ဆုံးရရှိတဲ့ မဲစာရင်းတွေနဲ့ တိုက်ဆိုင်စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပြီး တွေ့ရှိတဲ့ မဲမသမာမှုတွေကို မြို့နယ်အလိုက် ၂၃-၁၂-၂၀၂၀ ရက်နေ့ကတည်းက နေ့စဉ်၊ အပတ်စဉ် ထုတ်ပြန်ခဲ့ပါတယ်။ UEC အနေနဲ့ ထပ်ပြီး မသိကျိုးနွံပြုခဲ့တယ်။ ၁၁-၁-၂၀၂၁ ရက်နေ့မှာတော့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်တဲ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးက ဒီမဲစာရင်းတွေရှင်းလင်းဖို့ ပြည်ထောင်စု လွှတ်တော်နာယကကို လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူဖို့ စုစည်း တောင်းဆိုတင်ပြခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် ၈၃ နဲ့ ၈၄ အရ လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၄ ပုံ ၁ ပုံက တောင်းဆိုရင် လွှတ်တော်အရေးပေါ် အစည်းအဝေး ခေါ်ပေးရမှာဖြစ်ပါတယ်။ ဒါကိုလည်း မသိချင်ယောင် ဆက်ဆောင်ခဲ့ပါတယ်။

**အသစ်ပြန်လည်ဖွဲ့စည်းခဲ့တဲ့ UEC နဲ့ မဲစာရင်းတွေကို စစ်ဆေးခဲ့ပါတယ်။ စာရင်းဇယားတင်မဟုတ်ဘဲ မြေပြင်မှာပါ စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ သက်သေအမြောက်အမြား ရယူခဲ့ပါတယ်။ မဲမသမာမှု ၁၁ သန်းကျော် ရှိပါတယ်။ တရားဝင် ထုတ်ပြန်ခဲ့ပါတယ်။ ၂၇ - ၈ -၂၀၂၁ ရက်နေ့မှာ သက်သေအထောက်အထား မြောက်မြားစွာနဲ့ နိုင်ငံတကာသံရုံး ကိုယ်စားလှယ်တွေ၊ မီဒီယာတွေရှေ့မှာ ပြသခဲ့ပါတယ်။ စိတ်ကြိုက်ကြည့်ရှုခွင့်ပေးခဲ့ပါတယ်။ မဲမသမာမှုဖြစ်နေတဲ့ မဲလက်မှတ်တွေကိုပါ ထုတ်ဖော်ပြသခဲ့ပါတယ်။ မဲမသမာမှုတွေ၊ မှားယွင်းမှုတွေ ရှိခဲ့တယ်ဆိုတာကို ယခင် UEC အဖွဲ့ဝင်ဟောင်းတွေရဲ့ ဝန်ခံချက်တွေကိုလည်း ကျွန်တော် သတင်းစာရှင်းလင်းပွဲမှာ ပြသခဲ့ပြီးဖြစ်**

### တရားဝင်ထုတ်ပြန်ခဲ့

၂၀-၁-၂၀၂၁ ရက်နေ့မှာ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တွေ့ရှိချက်၊ တပ်မတော်ရဲ့သဘောထားကို တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအချိန်ထိ မြို့နယ်ပေါင်း ၃၁၄ မြို့နယ်ကို စစ်ရာမှာ မြို့နယ်တစ်ခုချင်းအလိုက် မဲမသမာမှုဖြစ်နိုင်တဲ့၊ ထပ်နေတဲ့ မဲစာရင်း ၂ သန်း ၉ သိန်းကျော်၊ မဲမသမာမှုဖြစ်နိုင်တဲ့ အခြားမဲစာရင်း ၄ သန်း ၆ သိန်း စုစုပေါင်း ၇ သန်း ၆ သိန်းကျော်ရှိကြောင်း၊ နောက်မြို့နယ်တစ်ခုချင်းအလိုက် အပြန်အလှန်(Cross Check) စစ်ရာမှာလည်း မဲမသမာမှု ဖြစ်နိုင်တဲ့၊ အပြန်အလှန်ပါနေတဲ့ မဲစာရင်း ၂ သိန်း ၅ သောင်း တွေ့ရကြောင်း ဆက်ပြီး စစ်ဆေးနေတယ်လို့ ပြောခဲ့ပါတယ်။ အသက် ၁၀၀ နဲ့ အထက် မဲစာရင်းမှာပါနေသူ ၁ သောင်း ၈ ထောင်၊ အသက် ၁၈ နှစ်မပြည့်ဘဲ ပါနေသူ ၁ သောင်း ၁ ထောင်၊ နိုင်ငံသားစိစစ်ရေးကတ်မရှိတဲ့ မဲစာရင်းပါသူ ၄ သန်း ၆ သိန်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တူနေသူ ၂ သန်း ၉ သိန်း၊ သေဆုံးပြီးသူ ၆၁၃ ဦး ပါနေတယ်ဆိုတာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒါတွေကို ဖြေရှင်းပေးဖို့ UEC ကို တောင်းဆိုခဲ့ပါတယ်။ လွှတ်တော်ကို တောင်းဆိုခဲ့ပါတယ်။ လျစ်လျူရှုခံရတယ်။အခု **“ ဒီရွေးကောက်ပွဲဟာ တပ်မတော်အပါအဝင် အခြားသော နိုင်ငံရေးပါတီများအနေနဲ့ လွတ်လပ်တရားမျှတပြီး ပွင့်လင်းမြင်သာတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း ထုတ်ဖော်ပြနိုင်မယ်ဆိုရင် ပြည်သူ့ဆန္ဒ အစစ်အမှန်ကို ထင်ဟပ်စေမှာဖြစ်လို့ လက်ခံမယ်လို့ တရားဝင် ပြောခဲ့ပါတယ်။ ”** ဒါကြောင့် ရွေးကောက်ပွဲကော်မရှင် သို့မဟုတ် လွှတ်တော်သို့မဟုတ် အစိုးရက ဖြေရှင်းပေးပါလို့ တောင်းဆိုခဲ့ပါတယ်။ ဒါဟာ အခု နိုင်ငံတကာက ပြောနေတဲ့ စေ့စပ်ဆွေးနွေး ညှိနှိုင်းရေးလမ်းကြောင်းပဲ ဖြစ်ပါတယ်။ ဒီထုတ်ပြန်ချက်တွေကို ကျွန်တော်တို့ တရားဝင်ထုတ်ပြန်ခဲ့တယ်။ ပုန်းလျှိုး ကွယ်လျှိုး လုပ်တာမဟုတ်ဘူး။ ဒီလမ်းကြောင်းကို ပစ်ပယ်ခဲ့တာ NLD အစိုးရပဲ ဖြစ်ပါတယ်။

ဇန်နဝါရီလ ၂၆ ရက်နေ့မှာ နိုင်ငံတကာ သတင်းမီဒီယာ ပြည်တွင်း၊ ပြည်ပအားလုံးကို ဖိတ်ပြီး မဲမသမာမှု တွေ့ရှိချက်တွေကို စာရင်းဇယား၊ စာအုပ်၊ ကွန်ပျူတာ၊ ပရိုဂျက်တာတွေနဲ့ ပြသခဲ့တယ်။ မဲမသမာမှုအရေအတွက် ၁၀ သန်း ၄ သိန်းရှိခဲ့တယ်။ စိတ်ကြိုက် စစ်ဆေးကြည့်ရှုခွင့်ပြုခဲ့တယ်။ ကမ္ဘာသိ ထုတ်ပြန်ခဲ့တယ်။ ၃၀-၁-၂၀၂၁ ရက်နေ့မှာ ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ သွားတော့မယ်လို့ သတင်းထုတ်ပြန်ခဲ့တယ်။ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ မြန်မာနိုင်ငံထဲက အချို့သံရုံးတွေအနေနဲ့ ဒီမဲမသမာမှုကို မသိချင်ယောင်ဆောင်နေပြီး ဝေဖန်လာလို့ ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆက်သွားမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း-၁၂ အရေးပေါ်ဆိုင်ရာ ပြဋ္ဌာန်းချက်အရ၊ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အာဏာထိန်းခဲ့ပါတယ်။ အသစ်ပြန်လည်ဖွဲ့စည်းခဲ့တဲ့ UEC နဲ့ မဲစာရင်းတွေကို စစ်ဆေးခဲ့ပါတယ်။ စာရင်းဇယားတင်မဟုတ်ဘဲ မြေပြင်မှာပါ စစ်ဆေးကြည့်ရှုခဲ့ပါတယ်။ သက်သေအမြောက်အမြား ရယူခဲ့ပါတယ်။ မဲမသမာမှု ၁၁ သန်းကျော် ရှိပါတယ်။ တရားဝင်ထုတ်ပြန်ခဲ့ပါတယ်။ ၂၇-၈-၂၀၂၁ ရက်နေ့မှာ သက်သေအထောက်အထား မြောက်မြားစွာနဲ့ နိုင်ငံတကာသံရုံး ကိုယ်စားလှယ်တွေ၊ မီဒီယာတွေရှေ့မှာ ပြသခဲ့ပါတယ်။ စိတ်ကြိုက်ကြည့်ရှုခွင့်ပေးခဲ့ပါတယ်။ မဲမသမာမှုဖြစ်နေတဲ့ မဲလက်မှတ်တွေကိုပါ ထုတ်ဖော်ပြသခဲ့ပါတယ်။ မဲမသမာမှုတွေ၊ မှားယွင်းမှုတွေ ရှိခဲ့တယ်ဆိုတာကို ယခင် UEC အဖွဲ့ဝင်ဟောင်းတွေရဲ့ ဝန်ခံချက်တွေကိုလည်း ကျွန်တော် သတင်းစာရှင်းလင်းပွဲမှာ ပြသခဲ့ပြီးဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်လည်း ဝန်ခံခဲ့ပါတယ်။ NLD အစိုးရရဲ့ ရွေးကောက်ပွဲအပေါ်ဝင်ရောက်စွက်ဖက်မှုတွေကိုလည်း မူရင်းအတိုင်း ခိုင်လုံစွာ ပြသခဲ့ပါတယ်။ ဩဂုတ်လကုန်မှာပဲ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးဝန်ကြီးက ရန်ကုန်မှာ နိုင်ငံတကာ သံအမတ်တွေနဲ့တွေ့ပြီး သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ထပ်ပြီး ရှင်းပြခဲ့ပါတယ်။ ဒီထက်ပိုပြီး ကျွန်တော်တို့က ဘာကိုထပ်ပြီး သက်သေပြရမှာလဲ။ ရွေးကောက်ပွဲမတိုင်မီမှာ အသိပေး၊ သတိပေးခဲ့ပါတယ်။ ရွေးကောက်ပွဲအပြီးကာလမှာ တွေ့ဆုံညှိနှိုင်းအဖြေရှာဖို့ နည်းမျိုးစုံနဲ့ ပြောခဲ့တယ်။ တွေ့ရှိချက်တွေကိုလည်း နိုင်ငံတကာကို ပြသခဲ့၊ ပြောခဲ့တယ်။ ခေါင်းဆောင်များအကြား ကိုယ်စားလှယ်များနဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒီမှာ ကျွန်တော်ပြောလိုတာ (၂)ခုပဲ ရှိတယ်။ (၁) ကျွန်တော်တို့ ပြောနေတာတွေက အရင်ကတည်းက မမှန်ဘူးဆိုရင် ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလကတည်းက ဘာလို့ မသိချင်ယောင်ဆောင်နေတာလဲ။ မဖြေရှင်းတာလဲ။ (၂) ဒီလိုသက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြနေတာကို ဘာကြောင့် မသိချင်ယောင်ဆောင်တာလဲ။ ထပ်ကြည့်ချင်သေးရင် လာခဲ့ပါ။ လက်ရှိ UEC အနေနဲ့ သက်သေအထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြသဖို့ အသင့်ရှိတယ်။

**မေး။** ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး ဘာများလုပ်ဆောင်ဖို့ ရှိပါသလဲ။ သူလွတ်မြောက်ရေးနဲ့ ပတ်သက်တဲ့ အခြေအနေတွေနဲ့ ဖြစ်နိုင်ခြေတွေကတော့ ဘာတွေပါလဲ။ ဒါ့အပြင် NLD အမှုဆောင် အဖွဲ့ဝင်တွေကိုကော ဘယ်လိုများ ဆက်လက် လုပ်ဆောင်သွားမှာပါလဲ။ အကယ်၍ တရားရုံးက ဒေါ်အောင်ဆန်းစုကြည့်ကို လွှတ်ပေးမယ်ဆိုရင် လက်ရှိတာဝန်ရှိသူတွေ အနေနဲ့ကလည်း အဲဒီဆုံးဖြတ်ချက် အတိုင်းပဲ လက်ခံမှာပါလား။

**ဖြေ။** ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်ပါမယ်။ တရားရင်ဆိုင်နေဆဲဖြစ်တဲ့အတွက် တရားရုံးရဲ့ အဆုံးအဖြတ်ပါပဲ။ ဥပဒေကို ကျော်လွန်ပြီး လုပ်ဆောင်မှာ မဟုတ်ပါဘူး။ ကျန်သူများ အတွက်လည်း ဒီလိုပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တရားစီရင်ရေးစနစ်ဟာ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ဖြစ်ပါတယ်။ နောက်တစ်ခု အခုလက်ရှိ တာဝန် ထမ်းဆောင်နေတဲ့ တရားသူကြီးချုပ် ဟာလည်း ယခင် NLD လက်ထက် ကတည်းက တာဝန်ထမ်းဆောင်ခဲ့တဲ့ တရားသူကြီးချုပ်ဖြစ်ပါတယ်။

**မေး။** တပ်မတော်အနေနဲ့ နောက်ထပ်ပြုလုပ်မယ့် ရွေးကောက်ပွဲအတွက် ဘယ်လို လုပ်ဆောင်သွားမှာပါလဲ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကကော ရွေးကောက်ပွဲမှာ ကိုယ်စားလှယ်တွေနဲ့ ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံမှာပါလား။ အခုပြုလုပ်မယ့် ရွေးကောက်ပွဲမှာ NLD က ထပ်မံအနိုင်ရခဲ့မယ်ဆိုရင် ဒီရွေးကောက်ပွဲရလဒ်ကို SAC အနေနဲ့ လက်ခံသွားဖို့ ရှိပါသလား။ နောက်ရွေးကောက်ပွဲမှာ အနိုင်ရမယ့်ပါတီကို အာဏာ မလွှဲပြောင်းခင် လုပ်ဆောင်မယ့် လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။

**ဖြေ။** ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စီမံ ဆောင်ရွက်မှာက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ဆောင်ရွက်မှာဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံရေးပါတီများနဲ့ တွေ့ဆုံဆွေးနွေးခြင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ နိုင်ငံရေးပါတီများအား စည်းကမ်းစနစ်တကျရှိစေရေး၊ လုပ်ငန်းဆောင်တာများ၊ ရန်ပုံငွေများ၊ ပါတီဝင်အရေအတွက် စစ်ဆေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ အလေးအနက်ထား ပြောကြားလိုတာက တပ်မတော်ဟာ ပြည်သူ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်လမ်းခင်းပေးခဲ့ပါတယ်။ အခုအချိန်မှာ အခြေခံဥပဒေနဲ့အညီ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ အစိုးရ၊ တပ်မတော်အနေနဲ့ ခိုင်ခိုင်မာမာ အာမခံပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှာ နောက်ဆုံးအချက်က **“ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)နှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ”** လို့ ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဘယ်နိုင်ငံရေးပါတီ အနိုင်ရရ ဒီအတိုင်းပဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဏာမလွှဲပြောင်းခင် လုပ်ဆောင်မယ့် အဆင့်တွေကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ ပုဒ်မ-၄၂၄၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၀ အတိုင်း ဖြစ်ပါတယ်။ အဲဒီအချက်တွေကို အကျဉ်းချုပ်ပြောရရင် ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာထားသော်လည်း ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ ရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် ရှိပါတယ်။ အမျိုးသား ကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီရှိပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ အရေးပေါ်ကာလပြဋ္ဌာန်းချက်အရ (၁) နှစ်အတွင်းမှာ သူ့ကိုပေးအပ်ထားတဲ့ တာဝန်များမပြီးဆုံးသေးရင် အဲဒီကောင်စီကို တင်ပြလာပါက အရေးပေါ်ကာလကို တစ်ကြိမ်လျှင် (၆) လနဲ့ နှစ်ကြိမ် တိုးရမှာ ဖြစ်ပါတယ်။ ပြီးရင် ပုဒ်မ-၄၂၆ အရ အရေးပေါ်ကာလမှာ ဆောင်ရွက်ရမယ့် လုပ်ငန်းများ ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အစီရင်ခံရင် အရေးပေါ်ကာလ ဖျက်သိမ်းကြောင်း ကြေညာပြီးနောက် (၆) လအတွင်းမှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)






## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

**မိဘများ ကြိုတင်ဆောင်ရွက်ရမည့်**
**ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသားများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက်ထိုးနှံရေး ပူးပေါင်းပါဝင်ရန်၊

၂။ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့်လက္ခဏာများရှိပါက ကလေးများအား ကျောင်းသို့စေလွှတ်ခြင်းမပြုရန်၊

၃။ အုပ်ထိန်းသူသည် ကိုယ်အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းများ ဖြစ်နေပါက ကျောင်းသို့လိုက်ပို့ခြင်းကို ရှောင်ကြဉ်ရန်၊

၄။ မိမိနှင့် မိမိသား၊ သမီးများ ကျောင်းသို့လာသည့်လမ်းတစ်လျှောက်တွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ရန်၊

၅။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask)တပ်ဆင်ရန်၊ Air–con အသုံးပြုသောယာဉ်ဖြစ်ပါက ပြတင်းတံခါးများ ဖွင့်၍ စီးနင်းရန်၊

၆။ ပို့ဆောင်သူအချင်းချင်း ခပ်ခွာခွာနေပါ၊ အချင်းချင်း လက်ဆွဲနှုတ်ဆက်ခြင်း၊ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ရပါ၊

၇။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ခံယူရန်၊ ခပ်ခွာခွာနေရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ဆေးရန်၊

၈။ ကျောင်းသား၊သူများ တစ်နေ့တာလိုအပ်မည့် အစာအာဟာရ(ထမင်း+မုန့်+ရေ)များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်ပေးရန်၊

၉။ မိမိ၏သား၊ သမီးများအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရန်၊

၁၀။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

၁၁။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီး(သို့) ဆရာများသို့ တင်ပြရန်၊

# ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်

**ပြည် အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အောက်တိုဘာ ၁၀ ရက်က နတ်တလင်းမြို့ အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှုနှင့် လက်ပံတန်း–မိုးညို–နတ်တလင်းလမ်းကို ၁၈ ပေ အကျယ် ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု၊ နတ်တလင်းမြို့ မြို့မအထက်တန်းကျောင်းနှင့်အထက(နတ်တလင်း) ကျောင်းများသို့ ကြည့်ရှုစစ်ဆေးပြီး စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်ရောဂါ ကာကွယ်ရေး အသိပညာပေး တီရှပ်အင်္ကျီနှင့် ဘောလုံးများ ထောက်ပံ့ပေးအပ်သည်။



**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့လယ်ပရိယတ္တိစာသင်တိုက်နှင့် ရတနာပုံမန္တလေးပရိယတ္တိ စာသင်တိုက်များသို့ ဆွမ်းဆန်၊ ဆီ၊ ကုလားပဲ၊ ဆားနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြို့ရေပေးဝေရေး ရေစစ်ကန်နှင့် ရေကြည်စုကန် တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကြို့ပင်ကောက်ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့ သရက်ပင်ကန်ကျေးရွာရှိ နိုင်ငံအတွင်း အသက်အရှည်ဆုံး ဖြစ်သည့် အဘွား ဒေါ်ထွေး (၁၂၈)နှစ်အား သွားရောက်ဂါရဝပြုပြီး ကျန်းမာရေးစောင့်ရှောက်မှု အချိန်ပြည့်ရရှိစေရေးနှင့် အစိုးရအဖွဲ့အစီအစဉ်ဖြင့် လစဉ်ငွေကျပ် တစ်သိန်း ထောက်ပံ့ပေးရန် စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသတွင်း ဆီဖူလုံမှုရှိစေရေးအတွက် နတ်တလင်းမြို့နယ် ရွာသာကုန်းကျေးရွာ၊ ဇီးကုန်းမြို့နယ် ညောင်ဇင်ကျေးရွာနှင့် ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာတို့ရှိ ပဲစိုက်တောင်သူများထံ နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း တောင်သူပညာပေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

တိရစ္ဆာန်အစာချဉ်ဖတ်ပြုလုပ်ခြင်း တောင်သူပညာပေးဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာ တောင်သူပညာပေးရေးစခန်း၌ ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် တာဝန်ရှိသူများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့မှ ပြောင်းစိုက်တောင်သူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကျေးလက်နေတောင်သူများ ဝင်ငွေတိုးတက်စေရန်အတွက် တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ပြီး နိုင်ငံတကာဈေးကွက်ရရှိစေရန် ဆောင်ရွက်မည့်အခြေအနေ၊ ထုတ်လုပ်မည့်စက်ပစ္စည်း၊ ငွေကြေးအရင်းအနှီး၊ ပံ့ပိုးဆောင်ရွက်မည့်အခြေအနေများ၊ တိရစ္ဆာန် အစာချဉ်ဖတ် ထုတ်လုပ်ပုံအဆင့်ဆင့်၊ စက်ပစ္စည်းများ အသုံးပြုရမည့်နည်းလမ်းများ၊ တောင်သူများအား သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ပေးမည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## နယူးဇီလန်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသွားမည်

**ဝယ်လင်တန် အောက်တိုဘာ ၁၁**

နယူးဇီလန်နိုင်ငံရှိ ဆရာ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာတုံ့ပြန်ဆောင်ရွက်ရေးဝန်ကြီး ခရစ်ဟစ်ကင်က ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ရန် အခွင့်အလမ်းများပြားသောနိုင်ငံ၏ကျန်းမာရေးကဏ္ဍနှင့် မသန်စွမ်းသူများစောင့်ရှောက်ရေးကဏ္ဍတို့၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား အောက်တိုဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် စတင်ထိုးနှံပေးသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးပြီးဖြစ်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရမည့်သူများတွင် သမားတော်ကြီးများ၊ ဆေးဝါးပညာရှင်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သည်။

ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းများနှင့် မူလတန်းကြိုကျောင်းရှိ ဝန်ထမ်းများအား နိုဝင်ဘာ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးသွားမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## မလေးရှားနိုင်ငံက နိုင်ငံအတွင်းနှင့် ပြည်ပခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို အောက်တိုဘာ ၁၁ ရက်တွင် ဖြေလျှော့ပေးခဲ့

**ကွာလာလမ်ပူ အောက်တိုဘာ ၁၁**

မလေးရှားနိုင်ငံသည် နိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်သောကြောင့် နိုင်ငံအတွင်းနှင့် ပြည်ပခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို အောက်တိုဘာ ၁၁ ရက်တွင် ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာသည့်အတွက် အဆိုပါခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်ချက်များကို ဇန်နဝါရီလအတွင်းက ချမှတ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူများသည် နိုင်ငံအတွင်းနှင့် ပြည်ပနိုင်ငံများသို့ ခရီးသွားလာနိုင်ပြီဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့က ပြောကြားသည်။

ထို့ကြောင့် ကာကွယ်ဆေးထိုးနှံပြီးသူများသည်လည်း မိသားစုများနှင့် မိတ်ဆွေများရှိရာ အခြားပြည်နယ်များသို့ ခရီးသွားလာမှုစတင်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ပြည်နယ်နယ်စပ်ဒေသများကိုလည်း ကိုဗစ်-၁၉ ရောဂါ နောက်တစ်ကြိမ်မြင့်တက်လာသည့်အချိန်အထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့က ပြောကြားသည်။

မလေးရှားနိုင်ငံသည် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့ကျလာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၇၀၀ ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၁၃၂ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၁**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၁၃၂ ဦး ရှိခြင်းကြောင့် ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၃၉၇၁၆၀၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သည့် ၂၁၅ ရက်တာကာလအတွင်း နေ့စဉ် ရောဂါကူးစက်ခံရမှု အနိမ့်ဆုံးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၉၃ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၄၅၀၇၈၂ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးမှာ ကီရာလာပြည်နယ်တောင်ပိုင်းဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၈၅ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၂၂၇၃၄၇ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၁၅၆၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၃၂၉၃၄၇၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၁၂ သန်းကျော်အသုံးပြုပြီးဖြစ်

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၁**

တူရကီနိုင်ငံ၌ ယနေ့အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တွင် ကာကွယ်ဆေးအလုံးရေ ၁၁၂ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံ၌ လူဦးရေစုစုပေါင်း ၈၃ သန်းရှိသည့်အနက် လူဦးရေ ၄၆ ဒသမ ၃ သန်းကျော် သို့မဟုတ် နိုင်ငံလူဦးရေ၏ ၅၅ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်သည်။

သို့ရာတွင် တူရကီနိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု နှေးကွေးနေသည့်အတွက် ဆောင်းရာသီကာလမတိုင်မီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရန် ပြည်သူများအား ကျွမ်းကျင်သူများက တိုက်တွန်းထားသည်။

ထို့ပြင် တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်မှ ဒေသအာဏာပိုင်များက ရွေ့လျားကာကွယ်ဆေးထိုးနှံရေးစင်တာများ၌ ကာကွယ်ဆေးထိုးနှံမှုခံယူရန် တိုက်တွန်းထားပြီး လက်ရှိတွင် အသက် ၁၈ နှစ်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၇၀ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## ဂျပန်နိုင်ငံ၏ လူဦးရေ ၆၄ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်

**တိုကျို အောက်တိုဘာ ၁၁**

ဂျပန်နိုင်ငံရှိ လူဦးရေ၏ ၆၄ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူပြီးကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ လူဦးရေ ၉၃ ဒသမ ၁ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးခဲ့ပြီး ၈၁ ဒသမ ၄ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း အစိုးရက ပြောကြားသည်။ အသက် ၆၅ နှစ်အထက်ရှိသူ နိုင်ငံသားများ၏ ၉၀ ဒသမ ၉ ရာခိုင်နှုန်းမှာ အနည်းဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီးခဲ့ပြီး ၎င်းအသက်အရွယ်ရှိ နိုင်ငံသားများ၏ ၈၉ ဒသမ ၈ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံလိုသော နိုင်ငံသားများအား ယခုလအတွင်း သို့မဟုတ် လာမည့်လအစောပိုင်းတွင် ကာကွယ်ဆေးထိုးနှံပြီးစီးရန် အစိုးရကဆောင်ရွက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံက နိုင်ငံတကာခရီးသွားများအတွက် သီးသန့်ခွဲထားစောင့်ကြည့်ရေးကာလ လျှော့ချသတ်မှတ်

**ဂျကာတာ အောက်တိုဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် နိုင်ငံတကာခရီးသွားများအတွက် နိုင်ငံအတွင်းသို့ ဝင်ရောက်လာချိန်တွင် သီးသန့်ခွဲထားစောင့်ကြည့်ရေးကာလကို ယခင်က ရှစ်ရက်သတ်မှတ်ခဲ့ရာမှ လက်ရှိတွင် ငါးရက်သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီး လူဟွတ်ဘင်ဆာပန်ဂျေတန်က ယနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသည့် နိုင်ငံများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ငါးရာခိုင်နှုန်းအောက်ကျဆင်းခဲ့သည့် နိုင်ငံများမှ နိုင်ငံတကာခရီးသွားများအတွက် ဘာလီကျွန်းသို့ ခရီးသွားလာခွင့်ကို အောက်တိုဘာ ၁၄ ရက်မှစတင်ကာ ခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာခရီးသွားများသည် အင်ဒိုနီးရှားနိုင်ငံသို့ မထွက်ခွာမီ သုံးရက်အတွင်း စစ်ဆေးထားသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိကြောင်း ထောက်ခံချက်ပါရှိရမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၃၈၇၂၈၅၆၁ | ဦး |
| သေဆုံးသူ | ၄၈၆၉၀၃၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၁၅၈၉၇၉၂၆ | ဦး |

# မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းစာအုပ် ပြင်ဆင်ဖြည့်စွက်၍ ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ မွေးဖွားခဲ့သည့်အချိန်မှစ၍ ကျဆုံးသည့်အချိန်အထိတိုင် ကလေးဘဝ မူလတန်း၊ အလယ်တန်း ကျောင်းသားဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ သခင်ဘဝ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ဖြတ်သန်းလာခဲ့ရသော နိုင်ငံရေးသမားဘဝ၊ တပ်မတော်သားဘဝနှင့် ဖဆပလခေတ် နိုင်ငံရေး ကြိုးပမ်းမှုဘဝများကို ပုံစံအမျိုးမျိုးဖြင့် ရဟန်းရှင်လူ ပညာရှိများ ရေးသားထားခဲ့သည်မှာ အများအပြားပင် ရှိပါသည်။ ထိုမျှမက လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် ပြောကြားခဲ့သော မိန့်ခွန်းများမှာလည်း များပြားလှပါသည်။ ပုံနှိပ်ထုတ်ဝေထားပြီးလည်း ဖြစ်ပါသည်။ ရှေ့ဆက်၍လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သော အကြောင်းအရာများကို မိမိတို့ဖော်ပြလိုသော အဓိကအကြောင်းအရာကို ဖောင်းပေး၍ ရေးသားပြုစုထုတ်ဝေကြဦးမည်ဖြစ်ပါသည်။

ယခုအခါ မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင်ကြီးများက ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို ငယ်ဘဝမှသည် ကျဆုံးရချိန်အထိ ဖြစ်ပျက်တွေ့ကြုံခဲ့သော အဖြစ်အပျက်များကို အသက်အပိုင်းအခြားအလိုက် ခေတ်အပိုင်းအခြားအလိုက် ခွဲခြား၍ တာဝန်ယူကာ အဂတိကင်းစွာ သုတေသနပြုစုရေးသားခဲ့ကြပါသည်။ ခေတ်ပြိုင်အထောက်အထား မှတ်တမ်းများကိုသာမက ခေတ်ပြိုင်ဖြစ်သော သက်ရှိထင်ရှားလည်း ရှိနေသေးသော သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများနှင့် တွေ့ဆုံမေးမြန်း၍ ရရှိသောအချက်အလက်များကို ကိုးကားအသုံးပြု၍လည်း




ရေးသားပြုစုခဲ့ကြပါသည်။ အခါခါ ပြန်ဖတ်၊ အခါခါ ဖြည့်စွက်၊ အခါခါ ပြုပြင်၍ ရေးသားပြီး ပထမအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်က ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် အပြည့်စုံဆုံး၊ အကောင်းဆုံးဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ယခု ဗိုလ်ချုပ်အောင်ဆန်းစာအုပ်ကို ပြင်ဆင်ဖြည့်စွက်၍ ဒုတိယအကြိမ်အဖြစ် ထပ်မံထုတ်ဝေဖြန့်ချိလိုက်ပါသည်။ အပြည့်စုံဆုံး၊ အကောင်းဆုံးဟု မဆိုနိုင်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်းနှင့်ပတ်သက်၍ကား အတော်အတန်ပြည့်စုံသော စာအုပ်ဖြစ်ပြီဟူ၍ကား ဆိုနိုင်ပါသည်။ သို့ပါ၍ ဤစာအုပ်ကို ဖတ်ရှုပြီး စာဖတ်သူ ရဟန်းရှင်လူတို့အား လည်းကောင်း၊ ပြည်တွင်း ပြည်ပ ပညာရှင် သုတေသီအပေါင်း ဝေဖန်ဆန်းစစ်ကြပါဟု ပြောလိုပါသည်။ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် သမိုင်းပညာရှင်ကြီးများ ရေးသားပြုစုပြီး စာအုပ်ဖြစ်မြောက်ရေးအတွက် သမိုင်းသုတေသနဌာနမှ အရာထမ်း၊ အမှုထမ်းများ၏ ကြိုးပမ်းမှုတစ်ရပ်ဟု မှတ်ယူရပါသည်။ ထိုမျှမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို လေ့လာသုတေသနပြုစုသူများ မလွဲမသွေ ဖတ်မှတ်ရမည့် စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။

စာအုပ်ကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း-၀၆၇-၄၀၈၃၈၄၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းအဝိုင်းအနီး၊ ဖုန်း ၀၆၇-၄၁၈၄၂၆ နှင့် ရန်ကုန်မြို့၊ ပြည်လမ်း၊ အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ တို့တွင် တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိလိုက်သည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်စျေးများ

(၁၁-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်ထိစျေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 3 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 4 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 7 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

အခြားဆေးဝါးများ၏စျေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။




## ချောင်းမကြီးဆည် ရေဝင်ရောက်မှုနှင့် ဆည်ရေလှောင်မှုများ စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်တွင် ရေပေးဝေရေးဆောင်ရွက်သည့် ချောင်းမကြီးဆည်၌ နှစ်စဉ် ရေဝင်ရောက်မှုကျဆင်းလာခဲ့ပြီး ရေစုဆောင်းနိုင်မှုပမာဏ မူလဧကပေ ၄၀၀၀၀ မှ ၁၉၆၃၃ ဧကပေအထိ လျော့နည်းခဲ့သောကြောင့် ရေလုံလောက်စွာ ပေးဝေရေးအတွက် အနီးပတ်ဝန်းကျင်ရှိဆည်များမှ ရေကူရေတင်စနစ်များဆောင်ရွက်ခဲ့ရသည်။ ယခုရက်ပိုင်းတွင် နေပြည်တော်ဒေသတစ်ဝိုက် မိုးကောင်းစွာရွာသွန်းမှုကြောင့် ချောင်းမကြီးဆည်အတွင်း ရေဝင်ရောက်မှုကောင်းမွန်ပြီး ဆည်အတွင်းဝင်ရောက်သော ရေဝင်ပေါက်များ ကောင်းမွန်စေရေး၊ ရွာသွန်းသော မိုးရေများကို စနစ်တကျ စုဆောင်းနိုင်ရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ချောင်းမကြီးဆည်ရေဝင်ရောက်ရာ ချောင်းများနှင့် ဆည်ရေလှောင်မှုများကို သွားရောက်စစ်ဆေးသည်။ ထို့နောက်ရေပေးဝေသည့် Intake Tower ရေတံခါးများအခြေအနေ၊ ရေတွန်းပို့သည့် Pontoon နှင့် Motor Pump များ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့သည် ချောင်းမကြီးဆည်သို့ ရေဝင်ရောက်ရာ ချောင်းများဖြစ်သည့် ချောင်းမငယ်ချောင်းနှင့် ချောင်းမကြီးချောင်းများ၏ ရေစီးဆင်းဝင်ရောက်နေမှုကို သွားရောက်စစ်ဆေးသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့သို့ ရေပေးဝေလျက်ရှိသော ဥတ္တရသီရိဆည်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ဥတ္တရသီရိဆည်၏ ရေပြည့်မှတ်ရောက်ရှိမှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှု၊ တမံကြံ့ခိုင်ရေးနှင့် ရေပိုလွှဲကြံ့ခိုင်ရေး အခြေအနေတို့ကို စစ်ဆေးခဲ့ပြီး လာမည့်နှစ်များတွင် ၎င်းဆည်မှရေကို ပိုမိုသိုလှောင်နိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၉၇ ဦး တွေ့ရှိကြောင်း သတင်းထုတ်ပြန်

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၀-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၄၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၁၉၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှုရာခိုင်နှုန်းမှာ (၇.၃) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၅၂၀,၅၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၉,၈၄၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၈၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၃၂,၄၅၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၈) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၁၆၂) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၃၈) တွင် ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃၃,၂၈၂) ခုအား စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၁,၇၄၉) ဦး ရှိသဖြင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်း (၈.၈) ရာခိုင်နှုန်း၊ အပတ်စဉ် (၃၉) တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၃၆,၈၂၉) ခုအား စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၀,၆၄၉) ဦး ရှိသဖြင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်း (၇.၈) ရာခိုင်နှုန်းနှင့် အပတ်စဉ် (၄၀) တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂၇,၁၉၈) ခုအား စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၁၀,၀၆၄) ဦး ရှိသဖြင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်း (၇.၉) ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အပတ်စဉ် (၃၉) နှင့် အပတ်စဉ် (၄၀) တို့ကို နှိုင်းယှဉ်ကြည့်ရာ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုမှာ လျော့နည်းလာခဲ့သော်လည်း ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်း သိသာစွာပြောင်းလဲမှုမရှိသဖြင့် ရောဂါကူးစက်မှု ပိုမိုလျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | ၂၀၁ | ၂၃ |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | ၁၂၆ | ၄၄ |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၅၉၄ | ၁၃ |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | ၂၅ | ၁ |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | ၆၉ | ၈ |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၁၅ | ၁ |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | ၁၃၄ | ၄၇ |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | ၉၆၅ | ၉ |
| တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၇၀၅ | ၈၈ |
| ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | ၁၃,၇၀၂ | ၉၆၃ |
| စုစုပေါင်း | ၁၆,၄၇၁ | ၁,၁၉၇ |

### လွန်ခဲ့သော(၂၁) ရက်အတွင်း ကိုဗစ် -၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ်တွေ့ရှိမှုအခြေအနေ (၁၉-၉-၂၀၂၁ မှ ၉-၁၀-၂၀၂၁) ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၁၉-၉-၂၀၂၁ မှ ၂၅-၉-၂၀၂၁) (Epi Week-38) | ၁၃၃,၂၈၂ | ၁၁,၇၄၉ | ၈.၈ |
| (၂၆-၉-၂၀၂၁ မှ ၂-၁၀-၂၀၂၁) (Epi Week-39) | ၁၃၆,၈၂၉ | ၁၀,၆၄၉ | ၇.၈ |
| (၃-၁၀-၂၀၂၁ မှ ၉-၁၀-၂၀၂၁) (Epi Week-40) | ၁၂၇,၁၉၈ | ၁၀,၀၆၄ | ၇.၉ |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၂၀၄၃၇၃ | ၃၄၆၆၄၉၆၃ | ၇၃၃၅၇၅ |
| ၂။ | အိန္ဒိယ | ၃၃၉၇၁၆၀၇ | ၃၃၂၉၃၄၇၈ | ၄၅၀၈၁၄ |
| ၃။ | ဘရာဇီး | ၂၁၅၇၅၈၂၀ | ၂၀၆၇၈၈၅၈ | ၆၀၁၀၄၇ |
| ၄။ | ဗြိတိန် | ၈၁၅၄၃၀၆ | ၆၆၅၁၄၆၄ | ၁၃၇၇၃၅ |
| ၅။ | ရုရှား | ၇၈၀၄၇၇၄ | ၆၈၇၃၅၇၉ | ၂၁၇၃၇၂ |
| ၆။ | တူရကီ | ၇၄၄၄၅၅၂ | ၆၈၉၃၄၇၆ | ၆၆၁၈၀ |
| ၇။ | ပြင်သစ် | ၇၀၅၆၅၁၁ | ၆၈၃၉၇၉၆ | ၁၁၇၀၅၂ |
| ၈။ | အီရန် | ၅၇၁၆၃၉၄ | ၅၂၃၄၀၁၀ | ၁၂၂၈၆၈ |
| ၉။ | အာဂျင်တီးနား | ၅၂၆၅၈၅၉ | ၅၁၃၂၄၀၁ | ၁၁၅၄၇၃ |
| ၁၀။ | စပိန် | ၄၉၇၃၆၁၉ | ၄၈၀၀၆၉၃ | ၈၆၇၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၂၈၅၅၂ | ၄၀၆၃၂၉၅ | ၁၄၂၇၁၆ |
| ၂။ | ဖိလစ်ပိုင် | ၂၆၇၄၈၁၄ | ၂၅၃၆၂၆၀ | ၃၉၆၆၀ |
| ၃။ | မလေးရှား | ၂၃၃၉၅၉၄ | ၂၁၉၅၆၆၉ | ၂၇၃၂၉ |
| ၄။ | ထိုင်း | ၁၇၂၀၉၁၉ | ၁၅၉၂၉၀၃ | ၁၇၇၅၁ |
| ၅။ | ဗီယက်နမ် | ၈၄၃၂၈၁ | ၇၈၄၇၄၈ | ၂၀၆၇၀ |
| ၆။ | မြန်မာ | ၄၇၉၈၄၈ | ၄၃၂၄၅၇ | ၁၈၁၆၂ |
| ၇။ | စင်ကာပူ | ၁၂၆၉၆၆ | ၁၀၀၄၉၇ | ၁၆၂ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၅၀၆၈ | ၁၀၈၄၀၃ | ၂၅၂၇ |
| ၉။ | လာအို | ၂၈၈၄၉ | ၂၂၂၆၀ | ၃၀ |
| ၁၀။ | ဘရူနိုင်း | ၉၁၆၇ | ၆၈၈၀ | ၆၄ |

# ဆီလွန်ကဲစွာစားသုံးမှုနှင့် ကျန်းမာရေးပြဿနာ

မေယု-မျိုးအောင် (MANA)

ဘေးကင်းလုံခြုံမှုမရှိသောစားဆီများကို သုံးစွဲခြင်းကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမှာ ကြီးမားလျက်ရှိသည်။ ဆီစားသုံးမှုနှင့် ဆက်နွှယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ "ကျန်းမာရေးနှင့် မသင့်လျော်သည့်ဆီများကို စားသုံးမိခြင်း" ဖြစ်ပြီး ဒုတိယအချက်မှာ "သုံးစွဲသင့်သည်ထက် ပိုမိုစားသုံးမိနေခြင်း" ဖြစ်သည်။ မြန်မာဟင်းအများစုတွင်လည်း ဆီပြန်ဟင်းများကို ဟင်းကောင်းအဖြစ်နေရာယူထားသည်။ ဆီနည်းသည်ဆိုလျှင် "ဟင်းက ဆီတောင်မပါဘူး" ဟု ဆိုတတ်ကြပြန်သည်။ မြန်မာ့စားစရာဟင်းလျာများတွင် ဆီကမပါမဖြစ်ဆိုသလိုပါနေပြီး လိုသည်ထက်ပင် ပိုစားဖြစ်နေကြသည်။

အစားအစာသည် ဘဝတစ်ခုရှင်သန်ရန်အတွက် အရေးကြီးသောကဏ္ဍတစ်ရပ်မှ ပါဝင်နေပါသည်။ လူသားတို့ အသက်ရှင်နေထိုင်နိုင်ရေး၊ လူ့ဘဝတိုးတက်ဖွံ့ဖြိုးရေး၊ လူနေမှုပတ်ဝန်းကျင်သာယာလှပစိုပြည်ရေးတို့အတွက် အစားအစာကို မရှိမဖြစ် အမှီသဟဲပြုကြရသည်။ လူတို့အသက်ရှင်နေထိုင်မှုနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုတို့ကို တာဝန်ထမ်းဆောင်နေရသော ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သောစွမ်းအင်ကို အစားအစာမှ ရရှိသည်။ လူဦးရေတိုးပွားလာနေသည့်ကမ္ဘာကြီးတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေသကဲ့သို့ သေဆုံးမှုနှုန်းမှာလည်း မြင့်မားနေသည်။ သေဆုံးမှုများထဲတွင် ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်များမှ ရရှိဖြစ်ပွားသည့်ရောဂါများကြောင့် သေဆုံးရခြင်းသည်လည်း အဓိကအကြောင်းအချက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ပတ်သက်၍ ၁၉၇၂ ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေ (၁၉၉၇)၊ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃) နှင့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) တို့ကို ပြဋ္ဌာန်းထားကြောင်းလည်း သိရှိရသည်။

**ဆီထွက်သီးနှံဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲများ**

ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဝင်ငွေ တိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံ၍ အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရေးတို့မှတစ်ဆင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် နိုင်ငံတော်မှ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် စားဆီထုတ်လုပ်ရေးလုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသော်လည်း တိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီ စားသုံးနိုင်ရေးနှင့် ပြည်တွင်းဆီထွက်သီးနှံဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးပြီး သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပေး ကာ ရလဒ်ဖော်ထုတ်ပေးရန် ပြောကြားသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပြင် စားသုံးသူကာကွယ်ရေးကဏ္ဍမှလည်း ဥပဒေဖြင့် အကာအကွယ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏စားသုံးမှုပုံစံဓလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားနေကြောင်းသိရပြီး နိုင်ငံခြားငွေများစွာ အသုံးပြုတင်သွင်းရသဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်ကိုတွေ့ရသည်။ စားသုံးဆီများတွင် ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ရာ ဆီများကို ဓာတ်ခွဲစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီအနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝဆီများသည်ကိုတွေ့ရသည်။ သတ်မှတ်အရည်အသွေးဖြင့် ပြည်ပမှ တင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ စားသုံးရန်မသင့်သည့် ဆီမဟုတ်ဘဲ ကျန်းမာရေးမထိခိုက်စေသော သန့်ရှင်းသောဆီဖြစ်စေရေးအတွက် သိုလှောင်သယ်ယူထုပ်ပိုးသည့်နေရာများ၊ လက်လီရောင်းချသည့်နေရာများ အဆင့်ဆင့်တွင် သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ရန်လိုအပ်သည်။

**သို့ရာတွင် စားအုန်းဆီကို မြေပဲ၊ နှမ်းဓာတုအနံ့များထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည်ရောင်းချခြင်း၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် မသန့်စင်ရသေးသည့် ဝါစေ့ဆီအနီရောင်ကို အရောင်လှအောင်ရောစပ်၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆိုကာ မြေပဲဆီနှင့် စားအုန်းဆီများကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကို မှန်ကန်စွာဖော်ပြမှုမရှိဘဲ မြေပဲဆီပါဝင်မှုရာခိုင်နှုန်းကို ပိုမိုဖော်ပြပြီး ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်း၊ ဆီသန့်အသစ် သုံးရမည့်အစား ပြန်ကြော်ဆီများကို ပြန်လည်သုံးစွဲခြင်းစသည့်နည်းကို အသုံးပြုလျက်ရှိသည်။**

**ဈေးနှုန်းမြင့်တက်လျက်ရှိ**

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင်ဖြင့် ဆီဖူလုံမှုရှိမည်ဖြစ်သော်လည်း မြေပဲနှင့် နှမ်းသည် ပြည်ပဝယ်လိုအားများ ပြည်ပပို့ကုန်ဖြစ်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်အတွက် စားအုန်းဆီကို တင်သွင်းဖြည့်ဆည်းရလျက်ရှိသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း၊ ပဲပုပ်တို့သည် ဒေသမရွေး စိုက်ပျိုးနိုင်မှုမရှိခြင်း၊ နှမ်းနှင့် မြေပဲသည် ပြည်ပဝယ်လိုအားအပြင် မုန့်လုပ်ငန်းအသုံးပြုမှုများလည်း ရှိခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

ဈေးအမြင့်ကို စားသုံးသူအများစုက ဝယ်ယူစားသုံးနိုင်ခြင်းမရှိတော့ဘဲ လေးပုံတစ်ပုံခန့် ဈေးသက်သာသည့် စားအုန်းဆီ (သို့) ရောနှောဆီများကို ဝယ်ယူစားသုံးနေကြရသောအခါ ပြည်တွင်းဆီစက်လုပ်ငန်းများသည် လည်ပတ်နိုင်မှု အားလျော့သွားသည့်အခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ အချို့ဆီစက်များအနေဖြင့် ဆီထွက်သီးနှံများကို ကိုယ်တိုင်ဝယ်ယူကြိတ်ခွဲ၍ မိမိစက်ရုံတံဆိပ်ဖြင့် ဆီထုတ်လုပ်ရောင်းချနိုင်သည့် အခြေအနေမှ နဝလီကြိတ်ပေးခြင်းများသာဆောင်ရွက်နေသည့် ဆီစက်များအဖြစ်သာ လည်ပတ်နေသည်ကို တွေ့ရသည်။



စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိဗဟုသုတ မရှိသောကြောင့်လည်းကောင်း၊ သိသော်လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကိုမစားသုံးနိုင်သောကြောင့်လည်းကောင်း၊ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့်လည်းကောင်း ထုတ်လုပ်သူများက မမှန်မကန်ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေသေးခြင်းဖြစ်သည်ကိုတွေ့ရသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့အတွက် မြန်မာ့စံချိန်စံညွှန်းသတ်မှတ်ခြင်းများ ဆောင်ရွက်ရေး၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသားအစားအသောက်ဥပဒေများပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း၊ သို့မှသာ မမှန်မကန်လုပ်သူများကို ဈေးနှုန်းယှဉ်ပြိုင်မရောင်းချနိုင်သဖြင့် အခက်အခဲဖြစ်နေသည့် မှန်ကန်၍ အန္တရာယ်ကင်းအောင် ထုတ်လုပ်ပေးလျက်ရှိသော လုပ်ငန်းများကို အားပေးမြှင့်တင်ရာရောက်မည်ဖြစ်ကြောင်း ဆီစက်လုပ်ငန်းရှင်တစ်ဦးက အကြံပြုပြောကြားသည်။

စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့များသည် ဆီစက်များ၊ ဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ်ရောင်းချနေသောဆီများ၊ လိုအပ်သည့် အထောက်အထားမပါရှိသော ဆီများကို စစ်ဆေးရန် ဓာတ်ခွဲခန်းသို့ပို့၍ စားသုံးရန်မသင့်အဖြေထွက်ပါက တားမြစ်သိမ်းဆည်းဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်ကို ကြားသိရသည်။ ရေသန့်များကို FDA ထောက်ခံချက်လက်မှတ်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ရှိသည်ဟု ကန့်သတ်ချက်ရှိသော်လည်း စားဆီများတွင် မရှိသေးသဖြင့် အချို့စားဆီများက FDA ထောက်ခံချက်ရရှိရေး ဆောင်ရွက်သော်လည်း အချို့ကဆောင်ရွက်ခြင်းမပြုသည်ကို တွေ့ရသည်။ ဈေးများအတွင်းတွင် ဆီများကို ခွက်ခြင်ဖြင့် ရောင်းချသူများသည်လည်း မိမိရောင်းချသော ဆီများဖြစ်သည့် စားအုန်းဆီ၊ မြေပဲဆီများကို မည်သည့်ဆီစက်၊ မည်သည့်လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်း ထားရှိရန်၊ ရောနှောဆီကို စားသုံးသူတောင်းဆိုချက်အရကျေနပ်မှ မှန်ကန်သောအချိုးအစားဖြင့် ရောနှောပေးရန်၊ ကုန်အညွှန်းအမှတ်အသားတွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာဖော်ပြပါရှိရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးလျက်ရှိကြောင်း သိရသည်။

**ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်**

စားအုန်းဆီတွင် ပြည့်ဝဆီရာခိုင်နှုန်းများပါသောကြောင့် ပြည့်ဝဆီများကို လျှော့စားသုံးသင့်သည်။ ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်သည်။ မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ ပြည့်ဝဆီဆိုရာတွင် တိရစ္ဆာန်များမှ ထွက်သောအဆီများ ပါဝင်သည်ကိုလည်း သတိချပ်စေလိုသည်။ အကြောင်းမှာ အချို့တောရွာများတွင် အလှူအတန်းတစ်ခုခုပြီးသည့်အခါ ဥပမာ-ဝက်သားချက်ရာမှ ထွက်လာသော (ဝက်ဆီ)နှင့် အမဲဆီကဲ့သို့ တိရစ္ဆာန်တို့၏အဆီများကို သိုလှောင်ကာ ရောင်းချသည့်ဓလေ့များရှိနေတတ်ခြင်းကြောင့် ဖြစ်သည်။

အကယ်၍ ဆီကို မီးခိုးငွေ့ထွက်သည်အထိ အပူချိန်မြင့်မားစွာထားမည်ဆိုလျှင် ဆီ၏ဓာတုပြောင်းလဲမှုဆင့်ကဲဖြစ်စဉ်ကို တားဆီးလျှော့ချထားစေရုံသာမက မြေပဲဆီ၏ပင်ကိုသဘာဝမွှေးပျံ့သောအရသာကို ယိုယွင်းသွားစေမည်ဖြစ်သည်။ စားသုံးဆီများတွင် Smoke Point ဟူ၍ရှိသည်။Smoke Point ဆိုသည်မှာ ဆီ၏ မီးအပူချိန်ကို ခံနိုင်သောပမာဏထက် လွန်ကဲသွားလျှင် ဆီမှ အန္တရာယ်ရှိသော Free Radiacals များ ထွက်လာနိုင်သည်။ သို့ဖြစ်ပါ၍ မီးပြင်းပြင်းနှင့် ကြော်ရမည့်အချိန်တွင် Smoke Point မြင့်မားသော ဆီအမျိုးအစားကိုသာ သုံးသင့်သည်။ ဆီများတွင်လည်း Smoke Point တစ်ခုနှင့်တစ်ခု ကွာခြားလျက်ရှိသည်။ ဥပမာ- အုန်းသီးမှထုတ်လုပ်သော အုန်းဆီ၏ Smoke Point မှာ ၁၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပဲပုပ်မှထုတ်လုပ်သော ပဲပုပ်ဆီ၏ Smoke Point မှာ ၂၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ သို့ဖြစ်ပါ၍ ဆီများကို သုံးစွဲရာတွင် ဘူးခွံတွင်ပါဝင်သော Smoke Point များကိုကြည့်ကာ ရွေးချယ်ဝယ်ယူသင့်သည်။ ထို့အတူ ဆီတွင်ပါဝင်သော အဆီဓာတ်၊ ကိုလက်စထရောပမာဏ၊ ဆိုဒီယမ်၊ ကယ်လိုရီစသည်များကိုလည်း ကြည့်ရှုနှိုင်းယှဉ်ပြီး ဝယ်ယူသင့်သည်။

ပဲဆီများကို ရေခဲသေတ္တာအတွင်းထားလျှင် မခဲစေရန်၊ မြေပဲဆီအရောင်နှင့်အနံ့ဖြစ်စေဖို့ ဓာတုနည်းဖြင့်ပြုပြင်ကာ ဈေးကွက်အတွင်းသို့ ရောင်းချလျက်ရှိနေသည်ဟုသိရသည်။ သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ဖို့ အထက်ပါအချက်များအတိုင်း လိုက်နာကာ စားသုံးဆီများကို ရွေးချယ်ဝယ်ယူကြပြီး ဆီစားသုံးမှုဓလေ့ကို ပြုပြင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

❐

**စားအုန်းဆီတွင် ပြည့်ဝဆီရာခိုင်နှုန်းများပါသောကြောင့် ပြည့်ဝဆီများကို လျှော့စားသုံးသင့်သည်။ ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်သည်။ မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရ**

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

ယမန်နေ့မှအဆက်

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောအမြဲရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ပြည်ထောင်စုနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁,၂၃၀,၈၆၆.၀၅၅ | | | | | | ၄၃၆.၀၀၀ | | | ၁,၂၃၁,၃၀၂.၀၅၅ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း | -ယင်း- | | | ၇၁၆,၁၁၉.၆၅၀ | | | | | | ၁,၂၄၄,၅၈၀ | | | ၇,၉၀၀,၇၉၀.၁၄၈ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လျှပ်စစ်စွမ်းအားလုပ်ငန်း | -ယင်း- | | | ၂၉၄,၂၆၆.၅၀၀ | | | | | | ၂၂,၇၀၂,၁၇၇ | | | ၃,၀၉၆,၈၆၈.၆၇၇ |
| | ပေါင်း | | | | ၁,၁၃၆,၆၅၂.၂၁၉ | | | | | | ၄၀,၅၅၆.၆၇၇ | | | ၁,၁၇၇,၁၅၉.၀၀၄ |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၁၀)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်ထောင်စုနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၁၃,၇၆၂,၃၈၀ | | | ၁၄,၄၆၈.၀၉၄ | | ၆,၄၇၇.၅၉၉ | | | ၁၃၄,၆၇၆.၈၇၃ |
| ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးလုပ်ငန်း | -ယင်း- | ၆၉၂,၀၀၄.၂၇၆ | | | ၂၁,၀၈၇.၉၈၇ | | ၆၈၈.၁၉၇ | | | ၇၁၀,၅၇၀.၄၅၆ |
| ၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့လျှပ်စစ်စွမ်းအားလုပ်ငန်း | -ယင်း- | ၂၈၃,၉၅၆.၂၈၀ | | | ၃၅,၈၈၀.၁၀၄ | | ၄၃၄.၈၂၀ | | | ၃၁၉,၁၈၀.၂၀၄ |
| | ပေါင်း | | ၁,၀၈၈,၁၉၂.၉၉၃ | | | ၇၁,၄၃၆.၈၈၅ | | ၇,၅၉၈.၆၁၂ | | | ၁,၁၆၄,၂၈၇.၆၀၃ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောအမြဲရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄.၀၀၀ | | ၇၄.၀၄၉ | | | | | | | | | ၇၈.၀၄၉ |
| | ပေါင်း | | ၄.၀၀၀ | | ၇၄.၀၄၉ | | | | | | | | | ၇၈.၀၄၉ |

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၁၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၄.၈၄၀ | | | | | | | | ၇၄.၈၄၀ |
| | ပေါင်း | | ၇၄.၈၄၀ | | | | | | | | ၇၄.၈၄၀ |

စာမျက်နှာ ၁၉ သို့ ■

■ စာမျက်နှာ ၁၈ မှ

နေပြည်တော်ကောင်စီ

ဇယား(၁၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောဝင်ငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအထောက်အပံ့ရငွေ | ချေးငွေ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၂.၂၅၀ | | ၅.၄၁၀ | | | | | | | | | ၆၇.၆၆၀ |
| | ပေါင်း | | ၆၂.၂၅၀ | | ၅.၄၁၀ | | | | | | | | | ၆၇.၆၆၀ |

နေပြည်တော်ကောင်စီ

ဇယား(၁၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ: ထုတ်ချေးငွေ | ချေးငွေ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၉၁.၇၃၇ | ၄၁၀.၀၀၀ | | | ၃၄,၁၆၇.၉၅၀ | | | | | ၃၅,၀၆၉.၆၈၇ |
| | ပေါင်း | | ၄၉၁.၇၃၇ | ၄၁၀.၀၀၀ | | | ၃၄,၁၆၇.၉၅၀ | | | | | ၃၅,၀၆၉.၆၈၇ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောဝင်ငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအထောက်အပံ့ရငွေ | ချေးငွေ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၀၀.၅၅၉ | | ၁၅,၉၀၅.၆၆၀ | | ၆,၀၀၀.၀၀၀ | ၃၆၆.၉၀၀ | | | | | | ၂၂,၇၇၃.၁၁၉ |
| | ပေါင်း | | ၅၀၀.၅၅၉ | | ၁၅,၉၀၅.၆၆၀ | | ၆,၀၀၀.၀၀၀ | ၃၆၆.၉၀၀ | | | | | | ၂၂,၇၇၃.၁၁၉ |

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ: ထုတ်ချေးငွေ | ချေးငွေ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၀,၁၈၀.၆၃၃ | | ၆,၀၀၀.၀၀၀ | ၄,၀၇၅.၇၇၁ | | | | | ၂၀,၂၅၆.၄၀၄ |
| | ပေါင်း | | ၁၀,၁၈၀.၆၃၃ | | ၆,၀၀၀.၀၀၀ | ၄,၀၇၅.၇၇၁ | | | | | ၂၀,၂၅၆.၄၀၄ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ: အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောဝင်ငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအထောက်အပံ့ရငွေ | ချေးငွေ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးငွေ: ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်ဗဟိုဘဏ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဗဟိုဘဏ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၆၅၂,၈၇၈.၄၂၂ | | | | | | | | | ၆၅၂,၈၇၈.၄၂၂ |
| | ပေါင်း | | | | ၆၅၂,၈၇၈.၄၂၂ | | | | | | | | | ၆၅၂,၈၇၈.၄၂၂ |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ: ထုတ်ချေးငွေ | ချေးငွေ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်ဗဟိုဘဏ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဗဟိုဘဏ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၅၀,၇၄၁.၉၄၆ | | | ၅၁၈.၆၈၀ | | | | | ၄၅၁,၂၆၀.၆၂၆ |
| | ပေါင်း | | ၄၅၀,၇၄၁.၉၄၆ | | | ၅၁၈.၆၈၀ | | | | | ၄၅၁,၂၆၀.၆၂၆ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဒါဖြင့်လည်း နေပါစေတော့ကွယ်။ မမဝင်းရီ တခြားမှာ လှည့်ကြည့်ပါဦးမယ်။ အတော်ကြာ ညီမရဲ့အိမ်မှာ ပြဿနာဖြစ်နေပါဦးမယ်"

"အမယ်လေး မမဝင်းရီရာ။ ဒီလက်ကောက် တစ်ရံလောက်တော့ ဘာပြဿနာမှ မဖြစ်နိုင်ပါဘူး။ စိတ်အေးအေးနဲ့သာ ယူစမ်းပါ။ ခင်ကြီးမှာ ဒီလောက်လျော့နေတာကို အိမ်ကလူတွေ တော်တော်နဲ့ မသိပါဘူး။ သိရင်လည်း ကိစ္စမရှိပါဘူး။ ပျောက်သွားပြီလို့ ပြောလိုက်ရုံပါပဲ။ မကြာခဏ တကယ် ပျောက်နေကျမို့ ဘာပြဿနာမှ မဖြစ်နိုင်ဘူး။ စိတ်ရှင်းရှင်းနဲ့သာယူ မမဝင်းရီ"

ခင်ခင်ကြီးက အတင်းအကျပ် ပေးလေမှပင် မမဝင်းရီ လက်ကောက်ကို မဝံ့မရဲအမူအရာမျိုးဖြင့် လက်ခံသည်။

"မမဝင်း ဒါကို မရောင်းပါဘူး။ ပေါင်ထားမယ်။ နောက် ငွေလွယ်တော့ ပြန်ရွေးပေးမယ် ဟုတ်ပြီလား" ဆိုရှာသေးသည်။

"ပေါင်မနေပါနဲ့။ ပေါင်ရင် အစိတ်ရဖို့ မလွယ်ဘူး။ တစ်ခါတည်းသာရောင်း။ နောက် မမဝင်းရီနဲ့ ကိုကိုနဲ့ အိမ်ထောင်ကျပြီး ကိုကိုလခတွေ အများကြီး ရတော့မှ ခင်ကြီးကို စိန်တစ်ဆင်စာ ပြန်လုပ်ပေး ဟုတ်ပြီလား"

ခင်ခင်ကြီးက ရယ်စရာဆိုရင်း မမဝင်းရီ၏ သံသယစိတ်ကို ဖြေဖျောက်ပေးရသည်။ သို့တိုင် မဝင်းရီမှာ ဘဝင်ကျနိုင်ဟန်မတူ။ လက်ကောက် တစ်ရံကို မယူချင်ယူချင် ယူရသည်။

ရေနံသပိတ်တပ် မြို့နှင့်နီးကပ်လာချိန်တွင် တစ်မြို့လုံး အုတ်အုတ်ကျက်ကျက်ရှိသည်။ ချောက်မှလာသောတပ်နှင့် ပူးပေါင်းချီတက်မည့် မြို့ခံတပ်များမှာ လှုပ်လှုပ်ရွရွရှိသည်။ အောင်စည်ယွန်း၍ ကြိုဆိုဖို့၊ အစားအသောက် အနေအထိုင်နှင့် ဆေးဝါးစသည်များ အဆင်သင့်ရှိဖို့ စည်းရုံးဟောပြောသံများ ညံစီသည်။

စင်စစ်တွင်မူ မြို့နေလူထု အများအပြားကပင် ရေနံတပ်ကို စိတ်ဝင်စားသည်။ တတ်အားသမျှ ကူညီဖို့ အသင့်ရှိသည်။ ရေနံသပိတ်တပ်သည် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လှုပ်ခါနိုးကြားလာစေနိုင်သော အင်အားရှိသည် အမှန်ပင်။

မဝင်းရီနှင့်တွေ့ပြီး နောက်တစ်နေ့တွင် ရေနံတပ် ရေနံချောင်းသို့ ရောက်လာသည်။ ယမန်နေ့ နေ့လယ် ၂ နာရီက ငွေးချိုသို့ ရောက်ခဲ့သည်ဟု သိရသည်။ ငွေးချိုတွင် အနှောင့်အယှက်ကို စတင်တွေ့ရှိသည်ဟု ဆိုပါသည်။ ငွေးချိုလူထုကို အစိုးရက ခြိမ်းခြောက်ထားသဖြင့် သပိတ်တပ်သည် အကူအညီမရခဲ့။ ညစာတစ်နပ်ငတ်ရသည်ဟု ဆိုသည်။

ရေနံချောင်းသို့ရောက်လာချိန်တွင် ရေနံသပိတ်တပ်သားကြီးများမှာ ခရီးကြမ်းနှင်ခဲ့ရသည်ဖြစ်၍ ခြေထောက်ပေါက်သူပေါက်၊ ဖူးရောင်ကာ နာသူနာနှင့် သွေးသံရဲရဲရှိကြသည်။ ရေနံချောင်းရှိ ဗလဲဘ ဆရာတော်က ဆေးဝါးကုသပေးခဲ့ရသည်။

ရေနံသပိတ်တပ်သားများသည် ရေနံချောင်းတွင် သုံးရက်မျှ နားနေစဉ်အတွင်း တရားဟောသည်။ စည်းရုံးသည်။ သို့ဖြင့် ရေနံချောင်းမှာ တပ်ရင်းလေးခု ထပ်မံစုစည်း၍ရသည်။ မူရင်းတပ်ရင်း ၈ ခုနှင့် ပေါင်းကာ တပ်ရင်း ၁၂ ခုရသည်။ လူသူအင်အား နှစ်ထောင်ခန့်ဖြစ်လာသည်။ သည်အထဲတွင် ဘေးမဲ့ကျောင်းတိုက်မှ ဆရာတော် ဦးဓမ္မနှင့် ဦးဝါယမသာမိတို့က လူအရေး၊ သံဃာအရေး မခွဲခြား။ အရေးတော်ပုံကာလတွင် လူ၏အရေးသည် သံဃာ့အရေးပင်ဖြစ်သည်။ သပိတ်တပ်သားများကို ဆွမ်းခံကျွေးရန်အတွက် တပ်ဦးမှနေ၍ လိုက်ပါမည်ဟုဆိုသည်။

ယင်းသို့ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက်ညံရလောက်အောင်ပင် ရေနံသပိတ်တပ်၏ တံပိုးဂယက်ရိုက်ခတ်နေသည်။ ဈေးမှာလည်း သည်အကြောင်း၊ ကျောင်းမှာလည်း သည်အကြောင်း၊ ရုံးမှာလည်း သည်အကြောင်း၊ အိမ်မှာလည်း သည်အကြောင်းပင်။

ခင်ခင်ကြီးအနေနှင့် ရေနံသပိတ်တပ်ကြီး ရေနံချောင်းမှ ထွက်ခွာသောနေ့ကိုမမေ့။ ထိုနေ့ကအခြင်းအရာကို အသက်ထက်ဆုံး အမှတ်ရနေမိတော့မည်သာဖြစ်သည်။

ဖေဖေသည် ယခင်က သပိတ်တပ်ကို အထင်မကြီးခဲ့သော်လည်း တကယ်တမ်း စုစုစည်းစည်းညီညီညာညာရှိသည်ဟူသောသတင်းကို ကြားရသည့်အခါ စိတ်ဝင်စားလာဟန်တူသည်။ သပိတ်တပ် ရေနံချောင်းကထွက်သည်ကို ကြည့်လိုဟန်တူသည်။

ဖေဖေက ဦးလေးကိုထွန်းခင်အား ကားထုတ်ရန် အမိန့်ပေးချိန်တွင် ခင်ခင်ကြီးတစ်ယောက် ကားပေါ်သို့ အသင့်ရောက်နေနှင့်ပြီဖြစ်သည်။ ညောင်လှမှသည် မကွေးသို့ သွားရာလမ်းမှနေကာ အများနှင့်ရောနှောစောင့်ကြည့်ကြသည်။

ထိုနေ့သည် ၁၃၀၀ ပြည့်၊ နတ်တော်လဆန်း ၁၁ ရက်။

၁၉၃၈ ခု၊ နိုဝင်ဘာလ ၃၀ ရက်။

ရေနံချောင်း၊ မကွေးလမ်းမကြီးတစ်လျှောက်လုံး လူသူကျပ်ညပ်နေသည်။ တိုးဝှေ့ပြည့်သိပ်နေသည်။ သပိတ်တပ်လာရာလမ်းကို စိတ်စောစွာ စောင့်ကြည့်နေကြသည်။ အစသော် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည်။ အသံဗလံများ ဆူညံနေသည်။

ခပ်လှမ်းလှမ်းမှ အသံများကို သဲ့သဲ့မျှကြားရလေလျှင် သည်ဘက်ပိုင်းမှ အသံဗလံများ တိတ်ဆိတ်သွားသည်။ ငြိမ်သက်သွားသည်။

လူကိုမမြင်ရသေးခင် အသံကိုအရင်ကြားရသည်။

"သပိတ် သပိတ်၊ မှောက်မှောက်။
ဓနရှင်စနစ်၊ ပျက်စီးပါစေ။
ဓနရှင်ဝါဒ၊ ကျဆုံးပါစေ။
အရေးတော်ပုံ၊ အောင်ပါစေ။
သခင်မျိုးဟေ့၊ တို့ဗမာ"

အသံများသည် အစသော် ကောင်းစွာမသဲကွဲ။ ကောင်းစွာမပီသ။ တစ်စထက်တစ်စ နီးကပ်လာသည်နှင့်အမျှ သဲကွဲလာသည်။ ပီသလာသည်။ အုတ်အုတ်ကျက်ကျက်နိုင်သည်။ အနီးသို့ရောက်လျှင်မူ အထက်ဘဝဂ်၊ အောက်အဝီစိအထိ ကြားသိရအောင် ဆူညံနေရော့သလား ထင်ရသည်။

စင်စစ် ယင်းအသံများသည် နှုတ်ဖျားမှလာခြင်းမဟုတ်။ အာခေါင်အာရင်းမှ လာခြင်းလည်းမဟုတ်။ အသည်းနှလုံးမှလာသည်။ ရင်အတွင်းမှလာသည်။ လှိုက်လှဲသည်။ ခိုင်ကျည်သည်။ နာကြည်းခြင်း၊ ကြေကွဲခြင်း၊ မချင့်မရဲရှိရခြင်းတို့မှ အရှိန်အဟုန် ပြင်းစွာ တွန်းပွင့်လာသောအသံများဖြစ်သည်။

သို့နှင့်အမျှ ယုံကြည်ချက်သည်လည်းကောင်း၊ ခံယူချက်သည်လည်းကောင်း၊ ဆန္ဒသည်လည်းကောင်း အပယိကာမဟုတ်။ လေးနက်သည်။ ခိုင်ကျည်သည်။ မြဲမြံသည် ဆိုခြင်းများကို အသံ၏ အထုအထည်၊ အစည်းအလုံး၊ အရှိန်အဟုန်က ဖော်ပြနေသည်။

အချို့သည် အကြောပြိုင်းပြိုင်းထနေသော အားကောင်းမောင်းသန်သည့်လက်ဖြင့် တူတံစဉ်တံဆိပ် ခပ်နှိပ်ထားသော ဝါစိမ်းနီသုံးရောင်ခြယ် တို့ဗမာ အစည်းအရုံး အထိမ်းအမှတ်အလံ၊ ဇာတိသွေး ဇာတိမာန် တက်ကြွစေမည့် ဒေါင်းအလံများကို မြဲမြံစွာ ဆုပ်ကိုင်ကာ –

အချို့ကား ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဆုပ်ကို ဆန့်တံ့ကျွေးတံ့ပြုကာ စိတ်လှုပ်ရှားစွာ အော်ဟစ်ကြွေးကြော်နေကြသည်။

စင်စစ်တွင်မူ သူတို့၏လက်များသည် အဘယ်မျှ အဖိုးတန်သည်။ အဘယ်သို့ အသုံးတည့်သည်ဆိုခြင်းကို သူတို့မသိမဟုတ်။ သိသည်။ ယခုလို ဆန့်တန်းကြွေးကြော်ရသော နေရာတစ်ခုတည်းတွင်သာ အသုံးဝင်သည်ဟုလည်း မထင်ရိုးအမှန်ပင်။

သူတို့၏လက်များကား အလုပ်လုပ်လိုသော လက်၊ ကုန်ပစ္စည်းထုတ်လုပ်လိုသော လက်များပင်။ အလုပ်လည်း လုပ်ခဲ့သည်။ ကုန်ပစ္စည်းလည်း ထုတ်ခဲ့သည်။ သို့ပေမဲ့ ထိုလက်များရှိလျက်နှင့် အလုပ်မလုပ်ရသောဘဝ၊ အလုပ်လက်မဲ့ဖြစ်ရမည့် ဘဝများအတွက်၊ အလုပ်လုပ်လျက်လုပ်ခမမျှသည့် အဖြစ်အပျက်များအတွက် တိုက်ပွဲဝင်ရာတွင် ထိုလက်များကို အသုံးချနေရခြင်းဖြစ်သည်။

ယခင်ကမူ ဓနရှင်သည် ယင်းလက်များကို အလုပ်ခိုင်းစေဖို့၊ ကုန်ပစ္စည်း ထုတ်လုပ်စေဖို့လောက်သာမြင်သည်။ တိုက်ပွဲဝင်ရာတွင် ပါဝင်လာလိမ့်မည်ဟု ထင်မှတ်ပုံမရ။

ပေးသမျှယူ၊ ကျွေးသမျှစား၊ ထားသလိုနေ။ သည်သို့သာလျှင် ဖြစ်စေချင်ပုံရသည်။ ပေးပြန်တော့လည်း မလောက်မင၊ ကျွေးပြန်တော့လည်း မဝတဝ၊ ထားပြန်တော့လည်း မမျှမတ။ သည်တော့လည်း လုပ်ငန်းခွင်မှ လက်များသည် လုပ်ငန်းခွင်ကိုဖဲကြဉ်ကာ တိုက်ပွဲဝင်ရသည့်လက်များ ဖြစ်လာသည်။

သူတို့၏ မျက်နှာများမှာ အများအားဖြင့် နေလောင်ကာ ညိုနေသည်။ လောကဓံ၏ အရိုက်အပုတ်ကို အကြိမ်ကြိမ် ခံထားရပြီးသည့်နှယ် တင်းမာ ခက်ထရော်ခြင်းရှိသည်။ သူတို့၏မျက်လုံးများမှာ နာကြည်းခြင်းဖြင့် ငေါ်စင်းစင်းနိုင်သည်။ သို့ရာတွင် တစ်စုံတစ်ခုသော မျှော်လင့်ယုံကြည်ချက်ဖြင့်လည်း လင်းလက်တောက်ပနေသည်ဟု ထင်ရသည်။

သူတို့သည် သည်လမ်းမပေါ်သို့ နေရာတကာမှ ရောက်လာကြသူများ ဖြစ်ကြသည်။ နေရာအနှံ့အပြားမှနေကာ လာရောက်စုစည်းမိကြခြင်းဖြစ်သည်။ သူတို့၏ အသွင်အပြင်များမှာလည်း ပုံသွင်းထားသော ရွှံ့ရုပ်နှယ် တူညီသည်မဟုတ်။ အချို့က မည်းသည်။ အချို့က ဖြူသည်။ အချို့က ဝါသည်။ အချို့က ညိုသည်။ အချို့က ရှည်သည်။ အချို့က ပုသည်။ အချို့က ပိန်သည်။ အချို့က ဝသည်။ အသွင်အမျိုးမျိုး သဏ္ဌာန်အထွေထွေဖြစ်သည်။

သို့ပေမဲ့ သူတို့စိတ်ဝမ်းကား မကွဲပြား။ သူတို့ဆန္ဒမှာ တညီတညွတ်တည်း ဖြစ်ကြသည်။ ယင်းအဓိပ္ပာယ်ကို မျက်နှာအနေအထားများက ပြတ်ပြတ်ထင်ထင် ဖော်ပြနေသည်။

အသွင်သဏ္ဌာန်အမျိုးမျိုး ကွဲပြားစေကာမူ လိုအင်မှာ တစ်ခုတည်း၊ ဆန္ဒမှာ တစ်ရပ်တည်းဟု ဖော်ပြဘိသို့ရှိသည်။

ခင်ခင်ကြီးသည် သပိတ်တပ်သားများ၏ အသံအရှိန်အဟုန်ကြောင့် ရင်ထဲမှာ ကတုန်ကယင်ဖြစ်ရသည်။

ကျေနပ်ခြင်း၊ ကြည်နူးခြင်း၊ တက်ကြွခြင်းဖြင့် လည်း ကျောထဲမှာပင် စိမ့်တက်လာသလို ခံစားရသည်။

သပိတ်တပ်သားများ၏မျက်နှာအနေအထားများကို မြင်ရလေလျှင် ရင်ထဲမှာ ဝေဒနာတစ်ရပ်ခံစားရသည့်နှယ်ဖြစ်သည်။ ယင်းဝေဒနာမှာ နာကြည်းခြင်းလား၊ ကြည်နူးခြင်းလား၊ နှစ်သိမ့်ခြင်းလား၊ ကြေကွဲခြင်းလား၊ တက်ကြွခြင်းလား၊ ခံပြင်းခြင်းလား၊ စာနာခြင်းလား၊ ကရုဏာသက်ခြင်းလားဆိုသည်ကို ခွဲခြားခြင်းငှာ မစွမ်းနိုင်။ စင်စစ် ယင်းဝေဒနာ တစ်ပြုံတစ်မလုံးကို တစ်ပြိုင်နက်တည်း ခံစားလိုက်ရခြင်းဖြစ်စကောင်းသည် ထင်မိ၏။

**ဆက်လက်ဖော်ပြပါမည်။**

**ခင်ခင်ကြီးက အတင်းအကျပ် ပေးလေမှပင် မမဝင်းရီ လက်ကောက်ကို မဝံ့မရဲအမူအရာမျိုးဖြင့် လက်ခံသည်။**

**"မမဝင်း ဒါကို မရောင်းပါဘူး။ ပေါင်ထားမယ်။ နောက် ငွေလွယ်တော့ ပြန်ရွေးပေးမယ် ဟုတ်ပြီလား" ဆိုရှာသေးသည်။**

**"ပေါင်မနေပါနဲ့။ ပေါင်ရင် အစိတ်ရဖို့ မလွယ်ဘူး။ တစ်ခါတည်းသာရောင်း။ နောက် မမဝင်းရီနဲ့ ကိုကိုနဲ့ အိမ်ထောင်ကျပြီး ကိုကိုလခတွေ အများကြီး ရတော့မှ ခင်ကြီးကို စိန်တစ်ဆင်စာပြန်လုပ်ပေး ဟုတ်ပြီလား"**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# လမ်းအခွင့်

**ပီမိုးနှင်း**

> **ကျွန်ုပ်တို့ပျိုရွယ်စဉ်အခါ၌ ပေါ်လာသောလမ်းအခွင့်တို့ကို အသုံးပြုကာ ပညာတစ်ခုခုကို ရှာချေက နောင်အရှည်သဖြင့် အကျိုးခံစားဖို့ရှိလေသည်။ သို့သော်လည်း အားလပ်စွာနေလိုသောစိတ်၊ ပျော်ရွှင်စွာနေလိုသောစိတ်၊ အပေါင်းအသင်းတို့နှင့် သွားချင်လာချင်သောစိတ်၊ လူပျိုလူရွယ်တို့ဘာဝ လည်ချင်ပတ်ချင်သောစိတ်တို့ကို ချိုးနှိမ်ရမည်မှာ လွန်စွာဝန်လေးသည်ဟု မှတ်ထင်ကြသဖြင့် အေးအေးနေတတ်ကြ**

ရောမရာဇဝင်၏ ပဝေသဏီခေတ်သမယအခါ၌ လာလတ္တံ့သော အနာဂတ်ကာလ၏အဖြစ်အပျက် အခြေအနေတို့ကို တင်ကြို၍ဟောနိုင်သော မိန်းမ ပညာရှိ အနာဂတ်ဆရာမတစ်ယောက်ရှိသည်ဟု ပုံဟောင်းဒဏ္ဍာရီများတွင် ပါရှိလေသည်။ ၎င်းပညာရှိ မိန်းမသည် ကျော်စောသောရောမဘုရင် တာရ်ကွင်၏ထံသို့ မိမိကိုယ်တိုင်ရေးသော အနာဂတ်ရှေ့ဖြစ်ကျမ်း ကိုးကျမ်းကို လာရောက်ဆက်သလျက် ထိုကျမ်းများကို ဝယ်ပါဟု ပြောလေ၏။ ထိုကျမ်းကြီးများ၌ ကြီးကျယ်သော ဟောပြောခြင်းအမျိုးမျိုးတို့အနက် ရောမအင်ပါယာနိုင်ငံတော်ကြီး ပျက်စီးလိမ့်မည်ဟူသော အရေးကြီးသော ဟောပြောချက်များပါရှိလေ၏။

ရှင်ဘုရင်သည်ကား ၎င်းကျမ်းများသည် အဖိုးကြီးလွန်းသည်ဆို၍ မဝယ်ဘဲနေလေ၏။ ထိုအခါ ပညာရှိမိန်းမသည် မိမိစာအုပ်များကို ပြန်၍ယူသွားပြီးလျှင် ထိုစာအုပ်ကိုးအုပ်အနက် သုံးအုပ်ကို မီးရှို့၍ပြီးသောအခါ ကျန်ခြောက်အုပ်နှင့် ဘုရင်မင်းမြတ်ထံပြန်လာပြီးလျှင် မူလအဖိုးနှင့် ပင်ဝယ်ရန် ပြောပြန်လေ၏။

ရှင်ဘုရင်သည်ကား တစ်ဖန်ထပ်မံ၍ ငြင်းပယ်ပြန်လေရာ ပညာရှိမိန်းမသည် ပြန်သွားပြီးလျှင် စာအုပ်သုံးအုပ်ကို ထပ်မံမီးရှို့ပြီးနောက် ကြွင်းသောစာအုပ်သုံးအုပ်ကို မူလကိုးအုပ်ဈေး အတိုင်းနှင့် လာ၍ရောင်းပြန်လေ၏။

ထိုအခါ ဘုရင်မင်းမြတ်သည် အဘယ်သို့သော ကျမ်းများဖြစ်ပါသနည်းဟု သိချင်သောစိတ် ပေါ်ပေါက်၍လာသဖြင့် အရင်က ကိုးအုပ်ရနိုင်သော အဖိုးကိုပေး၍ သုံးအုပ်ကို ဝယ်လိုက်ရလေ၏။

ထိုစာအုပ်များသည် ရောမလူမျိုးတို့၏ နိုင်ငံရေး၊ ဘာသာရေးနှင့်ပတ်သက်သော ကျော်စောသောစာအုပ်များဖြစ်လေရာ တာရ်ကွင်ဘုရင်သည် ကိုးအုပ်စလုံးကို ဝယ်မိချေက မိမိ၌ဖြစ်လတ္တံ့သောဘေးကို ကွယ်ကာနိုင်ဖို့ရှိသည့်အပြင် ရောမနိုင်ငံကြီးကိုလည်း ပျက်စီးခြင်းဘေးမှ ရှောင်လွှဲနိုင်ဖို့ ရှိလေသည်။

ယခုအခါ ထိုရောမဘုရင်ကဲ့သို့ အမြော်အမြင်နည်းသောသူတို့သည် အဘယ်မျှလောက် များပါသနည်း။ ကြီးစွာသောအကျိုးကို ဖြစ်စေနိုင်သည့် အတတ်ပညာအရာရာတို့ကို ရနိုင်လောက်သော လမ်းအခွင့်များ များစွာပေါ်ပါလျက် ထိုလမ်းအခွင့်ကို လက်ခံအသုံးမပြုဘဲ ပေါ့လျော့စွာနေခဲ့ကြသည့် လူစုများ အဘယ်မျှလောက် များပြားပါသနည်း။

ကျွန်ုပ်တို့ပျိုရွယ်စဉ်အခါ၌ ပေါ်လာသော လမ်းအခွင့်တို့ကို အသုံးပြုကာ ပညာတစ်ခုခုကို ရှာချေက နောင်အရှည်သဖြင့် အကျိုးခံစားဖို့ရှိလေသည်။ သို့သော်လည်း အားလပ်စွာနေလိုသောစိတ်၊ ပျော်ရွှင်စွာနေလိုသောစိတ်၊ အပေါင်းအသင်းတို့နှင့် သွားချင်လာချင်သောစိတ်၊ လူပျိုလူရွယ်တို့ဘာဝ လည်ချင်ပတ်ချင်သောစိတ်တို့ကို ချိုးနှိမ်ရမည်မှာ လွန်စွာဝန်လေးသည်ဟု မှတ်ထင်ကြသဖြင့် အေးအေးနေတတ်ကြလေသည်။

သို့နေပြီးနောက် အချိန်လွန်၍သွားသောအခါ ဟိုအခါတုန်းက ထိုအတတ်ကို သင်ရလျှင် ယခုအခါ ငါသည် ကြီးစွာသောအကျိုးကျေးဇူးများကို ခံစားရဖို့ရှိသည်။ ငါမှားခဲ့လေခြင်း၊ ငါမိုက်ခဲ့လေခြင်း၊ ငါအချိန်ကို ဖြုန်းခဲ့လေခြင်းဟု ယူကျုံးမရဖြစ်ကြလေသည်။ ထိုအခါ ရှေးအခါက လွယ်လွယ်ကူကူနှင့် ရနိုင်သောပညာကို ခက်ခက်ခဲခဲနှင့် ပြင်းပြင်းထန်ထန် ရှာကြံဆည်းပူးကြရလေသည်။ အချို့သောလူတို့သည် အရွယ်လွန်သည့်တိုင်အောင် တစ်နှစ်လွန်ပြီးသောနှစ်ကို နှမြောကာ မနှစ်က ငါမသင်လိုက်ရလေခြင်း၊ နောက်တစ်နှစ် လွန်ပြန်လျှင်လည်း မနှစ်က ငါမသင်လိုက်ရလေခြင်းဟု အမြဲပူပင်ကာ လွန်ပြီးသောအချိန်ကို ပြန်၍နှမြောရင်း အားထုတ်ဖို့ သတိမရဘဲ ဆင်းရဲသောအဖြစ်သို့ ရောက်ကြလေသည်။

ပျိုရွယ်စဉ်အခါက သင်အံကျက်မှတ်ရလျှင် ရလွယ်သည်။ အသက်ကြီးသောအခါ ထိုကဲ့သို့ မလွယ်ချေ။ အပင်ပန်းကိုလည်း ပျိုရွယ်သူတို့လောက် မခံနိုင်ကြချေ။ လူမှုကိစ္စများကစ၍ ပွေကြလေရာ အသက် ၄၀ ကျမှ ငါ့မှာအချိန်တွေ ကုန်တော့မှာပါတကားဟု နောင်တကြီးစွာရပြီး အဟုတ်အမှန် သင်ကြတော့မည်ဟု စိတ်ကိုတင်း၏။ သို့တင်းသော်လည်း ပျိုရွယ်စဉ်ကလောက် မလွယ်သည့်အပြင် လွန်ပြီးသောအချိန်တို့ကို ပြန်၍မရနိုင်တော့သည် ဖြစ်ရကား ခံစားသင့်သလောက် ခံစားရန်နည်းလမ်း ရှိတော့မည်မဟုတ်ချေ။

ထိုကဲ့သို့သောလူသည် မြေကို အရုပ်ထုရာ ပျော့တုန်းအခါ၌ လွယ်လွယ်ကူကူ အရုပ်ကိုဖြစ်စေနိုင်လျက် ပေါ့စွာနေသဖြင့် တစ်ည၊ နှစ်ညလွန်၍ ထိုမြေကြီးခဲမာလျက် အထုရခက်ခါမှ ထုလုပ်သော မြေပန်းပုဆရာနှင့် တူလေသည်။

ပန်းပဲသမားသည် သံကို မီးပူတုန်းမှာထုရာ၏။ အေးမှထုချေက အကျိုးမရှိချေ။ အိုးလုပ်သောသူသည် ရွှံ့ပျော့တုန်းမှာ ရိုက်ရာ၏။ မာမှရိုက်လျှင် ပန်းပွင့်ပန်းပြောက် မထင်သည်သာမက ကွဲဖို့ရှိလေသည်။ ထိုကဲ့သို့ မိုးလွန်မှ ထွန်ချသောသူတို့သည် အဘယ်မျှလောက်ပင် ထွန်သော်လည်း အချိန်အခါမှာ ထွန်သလောက် အဘယ်အခါမှ အကျိုးခံစားရတော့မည်မဟုတ်ချေ။ ဒုတိယအရွယ် ကုန်လွန်ပြီးခါမှ လွန်ပြီးသောအချိန်တို့ကို ပြန်လှန်တွေးတောကာ နှမြောလျက် ယူကျုံးမရဖြစ်ကြသူတို့သည် လောက၌ များလှလေသည်။

ပညာရှာမှီး၍ ရလွယ်သော ပျိုရွယ်ချိန်၌ အပျော်ကိုလိုက်၍ မရှာဘဲနေမိသူတို့၏ ပျော်ရွှင်ခြင်းသည် တစ်နှစ်ပြီးတစ်နှစ် ဆုတ်ယုတ်၍ အပျော်ထဲမှ ဆင်းရဲအပူထွက်ပေါ်၍လာလိမ့်မည်။

ပဆစ်ပစ်ခြင်းသည် လာဘ်တိတ်စေတတ်သည်ဟု ရှေးလူကြီးများပြောကြသည်မှာ အခြားကြောင့်မဟုတ်။ အချိန်ကုန်သဖြင့် အလုပ်အကြံမရှိနေတတ်ကြသောကြောင့်ဖြစ်လေသည်။ ဉာဏ်အတော်အတန်ရှိသမျှတို့၌ တစ်ခုခုတစ်ရာရာကို ဖြစ်ရောက်ပေါက်မြောက်အောင် စွမ်းဆောင်နိုင်သော သတ္တိရှိလေသည်။ ထိုသတ္တိများကို အသုံးမပြုဘဲ တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်စေပြီးနောက် နောက်ဆုံး၌ သေသည့်တိုင်အောင် တစ်စုံတစ်ရာမှ မဖြစ်မြောက်ဘဲ ဆင်းဆင်းရဲရဲနှင့် ဝမ်းနည်းပူပန်၍ နေကြရလေသည်။

ဤကမ္ဘာပေါ်၌ ရောမဘုရင် တာရ်ကွင်ကဲ့သို့သောသူတို့သည် လွန်စွာများကြ၏။ ၎င်းတို့သည် ကုန်လွန်လွတ်မြောက် ကွယ်ပျောက်ထွက်ပြေး မမီနိုင် မရနိုင် ပြန်၍မခေါ်နိုင်အောင် ဝေးကွာ၍သွားပြီဖြစ်သော လမ်းအခွင့်တို့နှင့် အခါကောင်း၊ အချိန်ကောင်း၊ အချက်ကောင်းတို့ကို ပြန်၍ တောင့်တကာ ပူပန်၍နေကြ၏။ သို့ပူပန်ကြသော်လည်း လွန်ပြီးသောအချိန်သည် နောက်ဆုံးထွက်သော စာပို့ရထားကြီးနှင့်တူ၏။ သွားလေပြီ၊ လွန်လေပြီ မီတော့မည်မဟုတ်ချေ။

သို့အတွက် ပေါ်လာလျက်ရှိသော လမ်းအခွင့်တို့ကို မြင်အောင်ကြည့်တတ်သော ဉာဏ်မျက်စိကို ဖွင့်လျက်ရှိစေ၊ ပေါ်လာသော လမ်းအခွင့်ကို မလွန်ရအောင် ဆျောင်ကိုဆွဲပြီး အမိအရဖမ်း၍ အသုံးပြုလေ။

တောတောင်၌ ရွှေ၊ ငွေ၊ သတ္တု၊ ကျောက်သံကို ရှာသောမျက်စိမျိုးနှင့် လာလျက်ရှိသော လမ်းအခွင့်တို့ကို မြင်အောင်ရှုလေ။ ရွှေ၊ ငွေ၊ သတ္တုတို့ထက် အဆပေါင်းများစွာ ပိုမို၍ကြီးမြတ်သော လမ်းအခွင့်တို့သည် လူတို့မှာ ရစ်ရံလိုက်နေကြ၏။ လွန်သော လမ်းအခွင့်တို့သည်လည်း လွန်မြောက်၍သွားကြ၏။

ကံကုသိုလ်မကောင်း၊ အချက်ကောင်းမတွေ့၊ ဘုရားတောင် အမှီမရှိလျှင် မပွင့်နိုင်ဟု ပြောဆိုကာ ညည်းညူငြိုငြင်ကြသူတို့သည် လမ်းအခွင့်တို့ကို မြင်အောင် မရှုကြသူများ ဖြစ်ကြလေသည်။ လမ်းအခွင့်တို့မည်သည် ဝေးခါမှ မြင်ရတတ်၏။ နီးသည့်အခါ မမြင်တတ်ကြချေ။ နီးသောလမ်းအခွင့်တို့ကို သတိများစွာထား၍ ရှာကြံမှ မြင်ရတတ်လေသည်။

အဖိုးထိုက်သောရတနာတို့ကို ရှာကြံမှရ၏။ လမ်းအခွင့်သည် ရတနာအပေါင်းတို့၏ ရတနာဖြစ်၏။ စိန်ကျောက်ရတနာတို့ကို အဖိုးဖြတ်နိုင်၏။ လမ်းအခွင့်တို့ကို အဖိုးဖြတ်၍မရချေ။

ပျိုရွယ်သူတစ်ယောက်နေသော နေရာ၏ တံခါးကို ဧည့်သည်တစ်ယောက်သည် လာ၍ခေါက်၏။ ပျိုရွယ်သူက အသင်ဘယ်သူတုံးဟု ဆီးမေးရာ ဧည့်သည်က ကျုပ် “လမ်းအခွင့်” ဆိုသူဖြစ်ပါသည်ဟု ပြန်ပြော၏။ ပျိုရွယ်သူက တံခါးကို ဖွင့်ကြည့်ပြီး “ခင်ဗျားပုံပန်းက အလုပ်ကြမ်းနဲ့တူတယ်” ပျော်စရာလည်း မဟုတ်ပါကလား။ ကျုပ်လက်မခံနိုင်ဘူးဟု ပြောပြန်၏။ ထိုဧည့်သည်ကို နောင်တစ်နှစ်ကြာသောအခါ ပြန်၍တောင့်တ၏။ ဧည့်သည်ကား ပြန်၍မလာတော့ချေ။

ထိုကဲ့သို့ များစွာသောသူတို့သည် လမ်းအခွင့်ပေါ်လာကြသည်ကိုပင် မြင်ကြစေကာမူ ပျော်စရာမရှိသော အလုပ်နှင့်တူသဖြင့် လက်သင့်မခံဘဲ နေကြသဖြင့် ဘဝဆုံးခြင်း၊ လူညွန့်တုံးခြင်းသို့ ရောက်ကြလေသည်။

လောက၌ အဖိုးတန်သော အရာဝတ္ထုဟူသမျှကို တန်ဖိုးပေး၍ဝယ်ရ၏။ ထိုတန်ဖိုးသည် ငွေသော်လည်းကောင်းဖြစ်ရ၏။ ဝီရိယပင်ပန်းခံခြင်းသော်လည်းကောင်းဖြစ်ရာ၏။ သို့ဖြစ်၍ အနာမခံက အသာမစံကြရချေ။

လမ်းအခွင့်ကိုမြင်၍ ဖြစ်မြောက်အောင် လုပ်ကြချေက တစ်နေ့တခြား ပျော်ရွှင်လာကြရန် သာရှိလေသည်။

လောက၌ ဖြတ်လမ်းသမားများ လွန်စွာများကြ၏။ လမ်းတိုသမားများ လွန်စွာပေါကြ၏။ နိဗ္ဗာန်ကိုပင် လမ်းတိုတိုနှင့် ကြံချင်ကြလေသည်။ ဖြတ်လမ်းသမားတို့သည် ဆင်းရဲသောဘဝသို့ ဖြတ်လမ်းနှင့် ရောက်ကြလေသည်။

အရင်းမစိုက် လှေထိုးလိုက်ဟူသောစကား ရှိ၏။ အရင်းမစိုက် အမြဲငိုက်ဟူသောစကားသည်ကား ဖြတ်လမ်းသမားများနှင့်ဆိုင်၏။

လူမှန်သမျှ ငါအဘယ်အလုပ်ကို လုပ်ရပါမည်နည်းဟူသော ရည်ရွယ်ချက်တစ်ခုခု ရှိရာ၏။ ထိုရည်ရွယ်ချက်မျိုးမရှိသူတို့မှာ လမ်းအခွင့်ကို မြင်သည့်အခါ ကြောက်စရာ၊ ပျင်းစရာဟူ၍ မှတ်ထင်ကြလေသည်။ ၎င်းတို့သည် လူပျင်းများ ဖြစ်ကြလေသည်။ အချို့သောသူတို့သည် လောကကို ညာ၍ စားချင်ကြ၏။ နောက်ဆုံး၌ လောကသည်ကား အညာမခံ၊ မိမိတို့ကိုယ်တိုင်သာလျှင် အညာမိကြလေသည်။

လောက၌ တစ်ခုခုဖြစ်မြောက်အောင် ကြံလိုစိတ်ကို မြဲမြံစွာထားသောသူတို့သည် လမ်းအခွင့်ကို အလုပ်တည်းဟူသော တန်ဖိုးပေး၍ဝယ်ကြ၏။ ထိုသူတို့အဖို့မှာ လမ်းအခွင့်သည် ပျော်စရာကြီး ဖြစ်၏။ ။

---

**❖ ဆင်မလေး မိုမိုမှ**

မိုမို၏ မွေးနေ့အတွက်ပေးပို့ထားသည့် Short Video များအနက်မှ ၁၀ ခုကို ရွေးချယ်သွားမည်ဖြစ်ရာ အရွေးချယ်ခံရသူမှာ မိမိနှင့်အတူ အဖော်နှစ်ဦးဖြင့် စုစုပေါင်း သုံးဦး တက်ရောက်ခွင့်ရရှိမည်ဖြစ်၍ မိုမို၏ မွေးနေ့ရက်များအတွင်း ထူးခြားသည့် စိတ်ဝင်စားဖွယ် အစီအစဉ်များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ၆၈ နှစ်ပြည့်ပြီဖြစ်သော ဆင်မလေး မိုမိုမှာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ၁၉၆၁ ခုနှစ်(ခန့်မှန်းအသက် ခုနစ်နှစ်(သို့) ရှစ်နှစ်အရွယ်)တွင် စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ နေထိုင်နေသည့် သက်တမ်းနှစ်ပေါင်း ၆၀ ရှိပြီဖြစ်ကြောင်း၊ မြန်မာပြည်တစ်လွှားမှ ပြည်သူအပေါင်းတို့၏ အချစ်ဆုံးဆင်တစ်ကောင်အဖြစ် ခံယူရရှိခဲ့၍ ဘဝတစ်လျှောက်၌လည်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ လာရောက် လည်ပတ်ကြသူများအား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးခဲ့ကာ နိုင်ငံတော်အထင်ကရအခမ်းအနားများတွင်လည်း တတ်စွမ်းသမျှ တစ်စိတ်တစ်ပိုင်း ပါဝင်ပေးခဲ့ကြောင်း သိရသည်။

၁၉၅၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်က မွေးဖွားခဲ့ပြီး တောထဲတစ်နေရာ၌ အဖော်မပါဘဲ အထီးကျန်ကာ သွားနေသည့်ဆင်မလေး မိုမိုအား ကယားပြည်နယ် လွိုင်ကော်မြို့နေ သစ်လုပ်ငန်းလုပ်ကိုင်သူ ဦးခွန်ဆန္ဒနှင့်မိသားစုက တွေ့ရှိ၍ မိုမိုအား နေအိမ်သို့ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နေအိမ်သို့ ရောက်ရှိခိုက် ဦးခွန်ဆန္ဒနှင့်မိသားစုက ချစ်စဖွယ်ကောင်းသည့် ဆင်မလေး မိုမိုအား သံယောဇဉ်ဖြစ်သွားကြပြီး ၎င်းကြီးပြင်းလာပါက ဆင်များ၏ သဘာဝလုပ်ငန်းဖြစ်သော သစ်ဆွဲဆင်အဖြစ် အသုံးမပြုလိုသောကြောင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ပို့ဆောင်လှူဒါန်းခဲ့ခြင်းဖြစ်ရာ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးအဖွဲ့က ဆင်မလေးအား အမည်ပေးစေလိုသောကြောင့် လာရောက်လှူဒါန်းသည့် ဦးခွန်ဆန္ဒ၏ ခွင့်ပြုချက်ဖြင့် ဆင်မလေး မိုမို၏ ဆင်ဦးစီးဖြစ်သူက ၎င်း၏ဇနီးဖြစ်သူ မခင်မိုမို၏အမည်ကို အစွဲပြု၍ ဆင်မလေးအား မိုမိုဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့အချစ်တော် ဆင်မလေး မိုမိုမှာ အသက် ၆၀ ပြည့်နှစ်တွင် ဖျော်ဖြေရေးလုပ်ငန်းများအား အနားယူခဲ့ပြီး မျိုးဆက်သစ် ဆင်ငယ်လေးများအား ထိန်းကျောင်းရင်းဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၌ ယခုအခါ အေးချမ်းစွာနေထိုင်လျက်ရှိကြောင်းနှင့် သူမ၏ မွေးနေ့ပွဲကို တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)က နှစ်စဉ် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

ပွင့်သစ္စာ

❒ အာရှဖလားမှ

မြန်မာအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) တွင် လက်ဘနွန်၊ ယူအေအီး၊ ဂူအမ်အသင်းတို့နှင့် ကျရောက်နေပြီး အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲ အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် လက်ဘနွန်အသင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ဂူအမ်အသင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ယူအေအီးအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး ခြောက်အုပ်စု ကျင်းပပြီးစီးထားပြီးဖြစ်ကာ အုပ်စုနှစ်ခုသာ ကျင်းပရန် ကျန်ရှိတော့သည်။ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်စုပထမနေရာရရန် ကြိုးစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MFF

# မြန်မာ့လက်ရွေးစင် တိုက်စစ်ကစားသမား မောင်မောင်လွင်နှင့် နှစ်ဦးသဘောတူစာချုပ်ဖျက်သိမ်းကြောင်း ရန်ကုန်အသင်း ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာ့လက်ရွေးစင် တိုက်စစ်ကစားသမား မောင်မောင်လွင်နှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းခဲ့ကြောင်း အောက်တိုဘာ ၁၁ ရက်က တရားဝင်သတင်းထုတ်ပြန်ခဲ့သည်။

**စာချုပ်ဖျက်သိမ်း**

မောင်မောင်လွင်နှင့် ရန်ကုန်အသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ နှစ်ကုန်ပိုင်းတွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ကစားသမား၏ ဆန္ဒအရ စာချုပ်ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်အသင်း၏ သတင်းထုတ်ပြန်မှုတွင် ဖော်ပြထားသည်။ ပြည်တွင်းဘောလုံးပြိုင်ပွဲကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပုံမှန်အတိုင်း မကျင်းပနိုင်သေးခြင်းကြောင့် မြန်မာကစားသမားအချို့အနေဖြင့် ပြည်ပကလပ်များတွင် သွားရောက်ကစားခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး မောင်မောင်လွင်အနေဖြင့်လည်း ပြည်ပကလပ်တွင် သွားရောက်ကစားဖွယ်ရှိနေသည်။ မောင်မောင်လွင်သည် ရန်ကုန်အသင်းသို့ ၂၀၁၈ နှစ်ဆန်းပိုင်းတွင် ရောက်ရှိလာခဲ့ပြီး အမှတ်ပေးချန်ပီယံဆု တစ်ကြိမ်၊ ရှုံးထွက်ချန်ပီယံဆုနှစ်ကြိမ် ရယူနိုင်ခဲ့သည်။

ယခုနှစ်တွင် ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေသည့် မြန်မာကစားသမားအချို့ရှိပြီး ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်းတွင် အောင်သူ၊ ထိုင်းလိဂ်-၂ ကလပ် ဖာရေးယူနိုက်တက်အသင်းတွင် ကျော်ကိုကို၊ ထိုင်းလိဂ်-၂ ကလပ် ထရတ်အသင်းတွင် ဇော်မင်းထွန်း၊ ထိုင်းလိဂ်-၃ ကလပ် Pattaya Dolphin အသင်းတွင် အောင်ကျော်နိုင်၊ မလေးရှားစူပါလိဂ်ကလပ် ဆီလန်ဂေါအသင်းတွင် ဟိန်းထက်အောင်၊ ဆရီပါဟန်းအသင်းတွင် အောင်ကောင်းမာန်တို့ ပါဝင်ကစားလျက်ရှိသည်။



သတင်း - ကိုညီလေး
ဓာတ်ပုံ - ရန်ကုန်အသင်း

❍ ပြင်သစ်အသင်းမှ

အဲဒီပွဲစဉ်ကို အီတလီနိုင်ငံ မီလန်မြို့မှာ ကျင်းပခဲ့တာဖြစ်ပြီး နှစ်သင်းစလုံးဟာ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၄ မိနစ်မှာ စပိန်အသင်းက အိုယာဇာဘယ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် ပြင်သစ်အသင်းဟာ ပွဲကစားချိန် ၆၆ မိနစ်မှာ ဘင်ဇီမာရဲ့သွင်းဂိုး၊ မိနစ် ၈၀ မှာ အမ်ဘတ်ပီရဲ့ သွင်းဂိုးတွေ ရရှိခဲ့တာကြောင့် ပြင်သစ်အသင်းက စပိန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ ဘောလုံးပိုင်ဆိုင်မှုကို ၆၄ ရာခိုင်နှုန်းအထိ အသာစီးရယူနိုင်ခဲ့တဲ့ အပြင် ဦးဆောင်ဂိုးပါ သွင်းယူနိုင်ခဲ့ပေမယ့် ပြင်သစ်အသင်းရဲ့ တိုက်စစ်ပိုင်းက ဂရစ်ဇ်မန်း၊ ဘင်ဇီမာနဲ့ အမ်ဘတ်ပီတို့ရဲ့ တွဲလုံးတွေကို မထိန်းချုပ်နိုင်ခဲ့တာကြောင့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ချန်ပီယံဖြစ်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘယ်လ်ဂျီယံ အသင်းနဲ့ပွဲစဉ်မှာလည်း နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်နေခဲ့ရာကနေ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အခုပွဲစဉ်မှာလည်း ဦးဆောင်ဂိုး ပေးလိုက်ရပြီးမှ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲရဲ့ တတိယလုပွဲမှာတော့ အီတလီအသင်းက ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အီတလီအသင်းအတွက် သွင်းဂိုးတွေကို ဘာရယ်လာနဲ့ ဘီရာဒီတို့က သွင်းယူပေးခဲ့ကာ ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုတော့ ကီတီလာရီက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

# အောက်တိုဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၁၅ - ၁၉) ရက်နေ့အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ် ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**


## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်မီးသတ်ဦးစီးဌာနမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၂၃ ခုနှစ် မတ်လ(၃၁) ရက်နေ့အထိ (၆)လ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မည်ဖြစ်သဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်၊ ရိဒ်ခေါဒါရ်နယ်မြေမီးသတ်စခန်း မြေထိန်းနံရံ(၁)ခု၊ တည်ဆောက်ခြင်း။ ပေ(၂၀၀ x ၅ x ၆၀)

(ခ) ဖလမ်းခရိုင်၊ တွန်းဇံမြို့နယ်၊ ကျီခါးနယ်မြေမီးသတ်စခန်း မြေထိန်းနံရံ(၁)ခု၊ တည်ဆောက်ခြင်း။ ပေ(၁၂၀ x ၅ x ၁၅)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၁၀-၂၀၂၂ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၁၁-၂၀၂၂ ရက်(၁၆:၀၀)နာရီ နောက်ဆုံးထား၍ ချင်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဟားခါးမြို့သို့ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဖုန်းနံပါတ် ၀၇၀-၂၂၅၆၄ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ချင်းပြည်နယ်မီးသတ်ဦးစီးဌာန ဟားခါးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ် မီးသတ်ဦးစီးဌာနတွင် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မီးငြိမ်းသတ်ရေးသုံးပစ္စည်းကိရိယာ (၄) မျိုး

(ခ) မြေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာ (၁၁) မျိုး

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၁၀-၂၀၂၂ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၂၄-၁၁-၂၀၂၂ ရက်(၁၆:၀၀) နာရီ နောက်ဆုံးထား၍ ချင်းပြည်နယ် မီးသတ်ဦးစီးဌာန ရုံးဟားခါးမြို့သို့ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ်မီးသတ်ဦးစီးမှူးရုံး ဖုန်းနံပါတ် ၀၇၀-၂၂၅၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## "ဒေါ်ပရ်ဝင်း[၁၀/မလမ(နိုင်)၁၅၁၃၅၉]နှင့် ဦးဝဏ္ဏရဲအောင်(ခ)နော်မန်[၁၂/ကတတ(နိုင်)၀၃၁၃၆၁]တို့နှင့် အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၂၀၂)နေ ဒေါ်သန္တာစိုး[၆/ထဝန(နိုင်)၀၈၆၈၇၃]နှင့် ဒေါ်သီရိစိုး[၁၂/ပဇတ(နိုင်)၀၃၃၈၄၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(ရွှေသပြေအိမ်ရာ)၊ မြေကွက်အမှတ်(၂၅)၊ ဧရိယာ(၀.၀၈၆)ကေအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/ရွှေသပြေအိမ်ရာ၊ ရွှေသပြေရိပ်မွန်(၁)၊ နဝရတ်လမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သန္တာစိုး [၆/ထဝန(နိုင်)၀၈၆၈၇၃]နှင့် ဒေါ်သီရိစိုး [၁၂/ပဇတ(နိုင်)၀၃၃၈၄၄]တို့မှ လူကြီးမင်းတို့ထံမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီခဲ့ပြီး၊ (၂၉-၉-၂၀၂၁)ရက်တွင် "မြေနှင့်အိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်"ဖြင့် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ရာ လူကြီးမင်းတို့ဘက်မှ လက်ခံရရှိခဲ့ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

၂၉-၉-၂၀၂၁ရက် "မြေနှင့်အိမ်အရောင်းအဝယ်စရန်ပေးကတိစာချုပ်"၏ စာမျက်နှာ(၂)၊ အပိုဒ်(၃)(က)တွင် "(၁၂-၁၀-၂၀၂၁)ရက်တွင် ရောင်းဖိုးဒုတိယအရစ်ငွေကို ပေးချေမည်ဖြစ်ပြီး၊ ထိုနေ့တွင် ရောင်းချသော ပစ္စည်းဇယားပါမြေအိမ်ကို အလွတ်လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံပါသည်" ဟု ဖော်ပြချုပ်ဆိုခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်သန္တာစိုး [၆/ထဝန(နိုင်)၀၈၆၈၇၃]နှင့် ဒေါ်သီရိစိုး [၁၂/ပဇတ(နိုင်)၀၃၃၈၄၄]တို့မှ ရောင်းဖိုးဒုတိယအရစ်ငွေကို ယနေ့ပေးချေရန် အသင့်ရှိပြီး၊ ရောင်းဖိုးဒုတိယအရစ်ငွေကို လူကြီးမင်းတို့ဘက်မှလက်ခံရန်နှင့် ရောင်းချသောပစ္စည်းဇယားပါ မြေအိမ်ကိုအလွတ်လက်ရောက်ပေးအပ်ရန် တောင်းဆိုသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ပျက်ကွက်လျှင် "(၂၉-၉-၂၀၂၁)ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်စရန်ပေးကတိစာချုပ်"၏ စာမျက်နှာ(၂)အပိုဒ်(၁၂)ပါ ပဋိညာဉ်အတိုင်းပြုလုပ်ဆောင်ရွက်ပေးရန် တောင်းဆိုသည်။ အကယ်၍ လူကြီးမင်းတို့ဘက်မှ လိုက်နာခြင်းမရှိ ပျက်ကွက်လျှင် ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးနိုင်ရန် လွှဲအပ်ညွှန်ကြားထားကြောင်း ဒေါ်ပရ်ဝင်း[၁၀/မလမ(နိုင်)၁၅၁၃၅၉]၊ ဦးဝဏ္ဏရဲအောင်(ခ)နော်မန်[၁၂/ ကတတ(နိုင်)၀၃၁၃၆၁] တို့နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သန္တာစိုး[၆/ထဝန(နိုင်)၀၈၆၈၇၃]နှင့် ဒေါ်သီရိစိုး[၁၂/ပဇတ(နိုင်)၀၃၃၈၄၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၂၂၁/၂၀၁၂)အား ရုပ်သိမ်းပယ်ဖျက်ကြောင်းကြော်ငြာ

နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်၊ ချိုင်းရွာနေထိုင်သည့် ဒေါ်ခင်စန်းနွယ် (ဘ)ဦးညွန့်စိန် [၉/ပမန(နိုင်)၀၇၆၅၈၅]မှ နေပြည်တော်စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၁/၂၀၁၂)ဖြင့် ဦးသန်းဝင်း (ဘ) ဦးသန်းမောင်[၅/မရန(နိုင်)၀၆၇၇၁၉]အား ၂၄-၈-၂၀၁၂ ရက်က လွှဲအပ်သည့် အထူးကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပယ်ဖျက်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးညွန့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၉၇၃)**
**၅/၉(ခ)၊ တောင်သာအုပ်စု၊ ကျော်ညီနောင်၊**
**နေပြည်တော်၊ ပျဉ်းမနား။**
**Ph: 09-400096563, 09-963275904**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၆-၂၀၂၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၄)ပါ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် ဒေါ်နှင်းနန္ဒာလှိုင်[၁၀/မဒန(နိုင်)၁၂၀၂၅၂]အစား [၁၀/မဒန(နိုင်)၁၂၀၂၉၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မညွန့်

**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။

**Ph:09-250370756**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ အမှတ်(၆၁/A)၊ပထမထပ်(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးတေဇာမင်း [၁၂/ဥကမ(နိုင်)၁၆၈၈၈၀]နှင့် ဒေါ်စန္ဒီဆုမွန်[၁၁/သတန(နိုင်)၀၅၉၅၁၃]တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်အေးအေးအောင် [၁၂/ကတတ(နိုင်)၀၁၉၆၈၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ တိုက်ခန်းပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးအောင်**
**ဖုန်း-၀၉-၉၇၆၂၁၈၉၄၇၊၀၉-၇၇၃၂၂၇၂၆၃**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း(၂)လမ်း၊ အမှတ်(၈)၏ (၆)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂ $\frac{1}{2}$ x၅၀)ပေရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းဇော်ဦး [၉/ကပတ(နိုင်)၁၂၄၀၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးအောင်(စဉ်- ၁၁၄၆၂)** (LL.B,D.I.L) **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** (LL.B,D.B.L,D.I.L, WIPO Switzerland)
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၂/၂၂၄)၊ ပင်လုံလမ်းမကြီး၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုဆောင်ရွက်လုပ်ငန်းများတွင် [illegible]









[illegible]

(က) [illegible]

(ခ) [illegible]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


ကြေးမုံ ယနေ့ ဖတ်စရာ

**မလေးရှားနိုင်ငံက နိုင်ငံအတွင်းနှင့် ပြည်ပခရီးသွားလာခွင့်ဆိုင်ရာ ကန့်သတ်ချက်များကို အောက်တိုဘာ ၁၁ ရက်တွင် ဖြေလျှော့ပေးခဲ့** စာမျက်နှာ » ၁၃




**အခန်းဆက်ဝတ္ထုရှည်** စာမျက်နှာ » ၂၀

**မြန်မာ့လက်ရွေးစင် တိုက်စစ်ကစားသမား မောင်မောင်လွင်နှင့် နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်းကြောင်း ရန်ကုန်အသင်း ထုတ်ပြန်** စာမျက်နှာ » ၂၂


## အာရှဖလား အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် ယနေ့နံနက်ပိုင်းက ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာသွားသည်။

**လိုက်ပါသွား**

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြအဖွဲ့ဝင် ၁၀ ဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်၊ အားကစားသမားများအဖြစ် ဂိုးသမား- မေဇင်နွယ်၊ ဖူးလတ်နဒီ၊ ခိုင်ဇာဝင်း၊ နောက်တန်း- အေးအေးမိုး၊ ချစ်ချစ်၊ ခင်မျိုးဝင်း၊ ဖြူဖြူဝင်း၊ ခိုင်သဇင်၊ ဇွန်ယုယဦး၊ နန့်ဖူးဖူးထက်၊ အလယ်တန်း- သင်းသင်းယု၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ပုံ့ပုံ့ပြည့်မောင်၊ ဝင်းဝင်း၊ နော်ထက်ထက်ဝေ၊ ရွှေရည်ထွန်း၊ ရှေ့တန်း- ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ ဂျူလိုင်ကျော်နှင့် မေဖူးကိုတို့ ပါဝင်ကြသည်။ လက်ရှိရွေးချယ်ထားသည့် လူစာရင်းတွင် စီနီယာကစားသမားများအဖြစ် ယူ-၁၉ နှင့် ယူ-၁၆ ကစားသမားများလည်း ပါဝင်လာသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒




## ပြင်သစ်အသင်း ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလား ပထမဆုံးအကြိမ်ဆွတ်ခူး

ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် အောက်တိုဘာ ၁၀ ရက်ညပိုင်းက စပိန်အသင်းနဲ့ ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်းက စပိန်အသင်းကို အနိုင်ရရှိပြီး ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍




၂၀၂၀ ပြည့်နှစ်က ဆင်မလေး မိုမို၏ ၆၇ နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပစဉ်။

## ဆင်မလေး မိုမို၏ ၆၈ နှစ်ပြည့်မွေးနေ့ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ရှိ ပြည်သူ့အချစ်တော် ဆင်မလေး မိုမို၏ ၆၈ နှစ်ပြည့် မွေးနေ့ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိ Mo Mo’s Birthday Week အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ သိရသည်။

**နှစ်စဉ်ကျင်းပပေးခဲ့**

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ ဆင်မလေးမိုမို၏ မွေးနေ့ပွဲအား အသက် ၆၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး မိုမို၏ Birthday Cake ခွဲမည့် အောက်တိုဘာ ၂၂ ရက်၌ တက်ရောက်နိုင်သည့် လူဦးရေအရေအတွက် ကန့်သတ်ထားခြင်းကြောင့် ဆင်မလေး မိုမိုအနေဖြင့် မွေးနေ့ဆုတောင်းစကား ဗီဒီယိုပေးပို့ထားသူများထဲမှ ရွေးချယ်မှုများပြုလုပ်ကာ မွေးနေ့ပွဲတက်ရောက်ရန် ဖိတ်ကြားသွားမည်ဖြစ်ကြောင်း၊ မိုမို ချစ်သူများအနေဖြင့် မွေးနေ့ဆုတောင်းစကားကို ၁၅ စက္ကန့်ခန့်ရှိသည့် Short Video ရိုက်ကူး၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ လူမှုကွန်ရက်စာမျက်နှာ Chat Box မှတစ်ဆင့် အောက်တိုဘာ ၁၇ ရက် နောက်ဆုံးထား ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖